SAMPLE BOOK

OVER TWO MILLION COPIES SOLD IN JAPAN

# IF CATS DISAPPEARED FROM THE WORLD

GENKI KAWAMURA

မျိုးဇော်ဝင်း

# ကြောင်တွေမရှိတဲ့ ကမ္ဘာ




အဋ္ဌမအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK

အသက်တစ်ရက်ရှင်သန်ခွင့်ရဖို့
တစ်ခုခုကိုရွေးချယ်ရမယ်ဆိုရင်
သင်ဘာကိုရွေးချယ်မလဲ ...



ကြောင်တွေ…၊ မျိုးဇော်ဝင်း၊ 4500/-
2 542979 032715

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

စာအုပ်အမှတ် - ၃၅

မျိုးဇော်ဝင်း

# ကြောင်တွေ မရှိတဲ့ ကမ္ဘာ

If Cats Disappeared From The World

Genki Kawamura

Translated From Eric Selland's English Version



Over Two Million Copies Sold in Japan

mgyoe.com

mgyoe.com
SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်အကြိမ် | - | အဋ္ဌမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ။ |
| | | သတ္တမအကြိမ်၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ။ |
| | | ဆဋ္ဌမအကြိမ်၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ။ |
| | | ပဉ္စမအကြိမ်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ။ |
| | | စတုတ္ထအကြိမ်၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ။ |
| | | တတိယအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ။ |
| | | ဒုတိယအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ။ |
| | | ပထမအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ။ |
| ထုတ်ဝေသူ | - | ဦးမင်းထက်ဟန်၊ |
| | | တောင်ဇလပ်နီစာပေ (၀၂၇၇၄) |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆) |
| | | အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | Ancient |
| CTP | - | Eagle |
| အတွင်းအပြင်အဆင် | - | ဇလပ်နီ |
| စာစစ် | - | ဇလပ်နီ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၄၅၀၀ ကျပ် |

၈၀၈.၈၄
မျိုးဇော်ဝင်း
ကြောင်တွေ မရှိတဲ့ ကမ္ဘာ၊ မျိုးဇော်ဝင်း၊ - ရန်ကုန်။
တောင်ဇလပ်နီစာပေတိုက်၊ ၂၀၂၂
စာ-၁၅၇၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) ကြောင်တွေ မရှိတဲ့ ကမ္ဘာ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


ဘာသာပြန်သူ၏ အမှာ ၇

သေတမ်းစာ ၉

တနင်္လာနေ့
မာရ်နတ်ကိုယ်ထင်ပြခြင်း ၁၁

အင်္ဂါနေ့
ကမ္ဘာပေါ်ကနေ ဖုန်းတွေ ပျောက်ကွယ်သွားရင် ၃၉

ဗုဒ္ဓဟူးနေ့
ကမ္ဘာပေါ်ကနေ ရုပ်ရှင်တွေ ပျောက်ကွယ်သွားရင် ၆၉

ကြာသပတေးနေ့
ကမ္ဘာပေါ်ကနေ နာရီတွေ ပျောက်ကွယ်သွားရင် ၉၁

သောကြာနေ့
ကမ္ဘာပေါ်ကနေ ကြောင်တွေ ပျောက်ကွယ်သွားရင် ၁၂၁

စနေနေ့
ကမ္ဘာပေါ်ကနေ ကျွန်တော် ပျောက်ကွယ်သွားရင် ၁၄၁

တနင်္ဂနွေနေ့
နှုတ်ဆက်ခဲ့ပါတယ် ကမ္ဘာကြီး ၁၅၅




mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ၏ အမှာ

ကျွန်တော် စာအုပ်ဆိုင် ရောက်ပြီဆိုတာနဲ့ ရောင်းအားအကောင်းဆုံး စာအုပ်တွေ သီးသန့်ထားတဲ့ နေရာကို သွားလေ့ရှိတယ်။ တစ်နေ့ စာအုပ်ဆိုင် ရောက်သွားတော့ စင်တစ်စင်ရဲ့ ထောင့်တစ်နေရာမှာ အမည်းရောင် ကြောင်ပုံလေးနဲ့ ဝါကြန့်ကြန့် စာအုပ်တစ်အုပ်ကို ဖျတ်ခနဲ တွေ့လိုက်တယ်။ ကြောင်ချစ်တဲ့သူပီပီ စာအုပ်ကို ကောက်ကိုင်ကြည့်လိုက်တော့ နာမည်က If Cats Disappeared From The World တဲ့။ မြန်မာလို တိုက်ရိုက်ပြန်ရင် 'ကြောင်တွေ ကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားရင်' ပေါ့ဗျာ။ နောက်ဖုံးမှာ ရေးထားတဲ့ စာကလည်း စိတ်ဝင်စားစရာ ကောင်းတယ်။ 'အသက်တစ်ရက် ရှင်သန်ခွင့်ရဖို့ တစ်ခုခုကို စွန့်လွှတ်ရမယ်ဆိုရင် သင် ဘာကို ရွေးချယ်မလဲ' တဲ့။

ကျွန်တော် နှစ်ခါမစဉ်းစားဘဲ အဲဒီစာအုပ်ကို ဝယ်လာခဲ့တယ်။ အိမ်ပြန်ရောက်တဲ့အခါ အမြည်းဆိုပြီး ဖတ်လိုက်တာ လက်က မချနိုင်အောင် စိတ်ဝင်စားဖို့ ကောင်းနေတာမို့ တစ်ထိုင်တည်း ဖတ်ဖြစ်သွားတယ်။ အစားကောင်း၊ အသောက်ကောင်းတွေ စားရတဲ့အခါ ကိုယ်ချစ်တဲ့ သူတွေကို သတိရတတ်ကြ


mgyoe.com

mgyoe.com SAMPLE BOOK

သလို စာအုပ်ကောင်းတစ်အုပ် ဖတ်ပြီးတဲ့အခါမှာလည်း ကျွန်တော့်ကို ချစ်ခင်တဲ့ စာဖတ်ပရိသတ်တွေနဲ့ မိတ်ဆွေသူငယ်ချင်းတွေကို ပြန်လည်မျှဝေလိုစိတ် ဖြစ်ပေါ်လာခဲ့တယ်။ အဲဒါနဲ့ ကျွန်တော် ရေးလက်စ စာအုပ်ကို ဘေးဖယ်ပြီး ဒီစာအုပ်ကို ဘာသာပြန်လိုက်တယ်။

ခင်ဗျား ရောဂါတစ်ခုခုကြောင့် လပိုင်းပဲ အသက်ရှင်ရတော့မယ့် အချိန်မျိုးမှာ လူတစ်ယောက် ရောက်လာပြီး ခင်ဗျားဘဝထဲက အရာတစ်ခုခုကို စွန့်လွှတ်ပေးတိုင်း အသက်တစ်ရက်စီ တိုးပေးသွားမယ်လို့ ကမ်းလှမ်းရင် ခင်ဗျား လက်ခံမလား။ အဲဒီအရာက ခင်ဗျား နေ့စဉ် အသုံးပြုနေတဲ့ လက်ကိုင်ဖုန်း၊ ခင်ဗျား အရမ်းကြိုက်တဲ့ မုန့်တစ်မျိုးမျိုး၊ ဒါမှမဟုတ် ခင်ဗျားအချစ်ဆုံး လူတစ်ယောက် ဖြစ်နိုင်သလို ခင်ဗျားသိပ်ချစ်တဲ့ ခွေးလေးကြောင်လေးလည်း ဖြစ်နိုင်တယ်။

ကြောင်လေး တစ်ကောင်နဲ့ အတူနေတဲ့ စာပို့သမားတစ်ယောက်က ဘရိန်းကျူမာ (ဦးနှောက်အကြိတ်) ဖြစ်နေပြီး အများဆုံး ခြောက်လပဲ အသက်ရှင်ရတော့မှာကို သိသွားပါတယ်။ သူ အိမ်ပြန်ရောက်တော့ သူနဲ့ ချွတ်စွပ်တူတဲ့ လူတစ်ယောက်က သူ့အိမ်ထဲ ရောက်နေပြီး ကမ္ဘာပေါ်က အရာတစ်ခုခုကို ပျောက်ကွယ်သွားအောင် လုပ်ပေးတိုင်း အသက်တစ်ရက် ပိုတိုးပေးမယ်လို့ ကမ်းလှမ်းခဲ့တယ်။ ဘယ်အရာလဲ ဆိုတာကို အဲ့ဒီလူက သူ့စိတ်ခံစားချက်အရ ရွေးချယ်ပါတယ်။ အဲဒီလူက တခြားမဟုတ်ပါဘူး။ မာရ်နတ်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဘဝမှာ ဘယ်အရာတွေက လိုအပ်တာလဲ၊ ဘယ်အရာတွေက မလိုအပ်တာလဲ၊ ကိုယ့်အသက်နဲ့ လဲရလောက်အောင် အဖိုးတန်တာက ဘယ်အရာတွေဖြစ်ပြီး နှမ်းတစ်စေ့လောက်တောင် တန်ဖိုးမရှိတာက ဘယ်အရာတွေ ဖြစ်မလဲ၊ ကျွန်တော်တို့ ရှင်သန်ခဲ့တဲ့ ဘဝက ပျော်စရာ ကောင်းခဲ့သလား၊ အဓိပ္ပါယ်ရော ရှိခဲ့သလား၊ အသက်ရှင်နေစဉ်မှာ လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်ခဲ့ရလို့ နောက်ဆုံးခရီးကို နောင်တတွေ တပွေ့တပိုက်နဲ့ သွားကြမလား။ ကျွန်တော်တို့ကော အသက်တစ်ရက် ရှင်သန်ခွင့်ရဖို့ တစ်ခုခုကို စွန့်လွှတ်ရမယ်ဆိုရင် ဘာကို စွန့်လွှတ်မလဲ။

မျိုးဇော်ဝင်း


mgyoe.com

mgyoe.com SAMPLE BOOK

# သေတမ်းစာ

ကမ္ဘာပေါ်ကနေ ကြောင်တွေ ပျောက်ကွယ်သွားရင် ကမ္ဘာကြီး ဘယ်လို ပြောင်းလဲသွားမလဲ။ ကျွန်တော့်ဘဝကော ဘယ်လို ပြောင်းလဲသွားမလဲ။

ကမ္ဘာပေါ်ကနေ ကျွန်တော် ပျောက်ကွယ်သွားမယ် ဆိုရင်ကော။ အင်း ... ဘာမှ မပြောင်းလဲသွားဘူး ထင်ပါတယ်။ ကမ္ဘာကြီးက ပုံမှန်အတိုင်း လည်ပတ်နေပါလိမ့်မယ်။

ဒါက ခပ်ကြောင်ကြောင် အတွေးလို့ ခင်ဗျား ထင်ကောင်း ထင်လိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်စာကို အရင်ဆုံး ဖတ်ကြည့်ပါဦး။

ကျွန်တော် ခင်ဗျားကို ပြောပြမယ့် အကြောင်းအရာ အားလုံးက ပြီးခဲ့တဲ့ ခုနစ်ရက်မှာ ဖြစ်ပျက်ခဲ့တာ။ သိပ်ဆန်းကြယ်တဲ့ ရက်သတ္တပတ်လို့ ခင်ဗျား ပြောလိမ့်မယ်။

စကားမစပ် ... ကျွန်တော် သိပ်မကြာခင် သေရတော့မယ်ဗျ။

ဒါတွေအားလုံး ဘယ်လို ဖြစ်လာလဲ ဆိုတာကို ကျွန်တော့်စာက ခင်ဗျားကို ရှင်းပြပေးမှာပါ။

**ဇလပ်နီစာပေ**

mgyoe.com

mgyoe.com


စာကတော့ နည်းနည်းရှည်လိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားကို အဆုံးထိ ဖတ်ကြည့်စေချင်တယ်။

ဘာလို့လဲ ဆိုတော့ ဒီစာက ကျွန်တော့်ရဲ့ ပထမဆုံးစာ ဖြစ်သလို နောက်ဆုံးစာလည်း ဖြစ်လို့ပါ။

ကျွန်တော့်ရဲ့ သေတမ်းစာဆိုလည်း မမှားပါဘူး။

❑


mgyoe.com

mgyoe.com SAMPLE BOOK



# မာရ်နတ် ကိုယ်ထင်ပြခြင်း

ပြောရမယ် ဆိုရင် ကျွန်တော့်မှာ မသေခင် လုပ်ဖူးချင်တဲ့အရာ ဆယ်ခုလောက်တောင် မရှိဘူး။

မကြာခင် သေရတော့မှာကို ကြိုသိထားတဲ့ ဘိန်းသမားတစ်ယောက်က သူမသေခင် လုပ်သွားချင်တဲ့အရာ ဆယ်ခုကို စာရွက်တစ်ရွက်ပေါ် ချရေးခဲ့တာကို ရုပ်ရှင်တစ်ခုထဲမှာ ကျွန်တော် မြင်ဖူးတယ်။

ပေါက်တတ်ကရပဲဗျာ...၊ တကယ်တမ်းကျရင် ဘာတွေများ ရေးရပ့်မလဲ။ အချိန်ကုန်တာပဲ အဖတ်တင်မယ်။

'ခင်ဗျား ဘာလို့ အဲဒီလို ပြောနိုင်ရတာလဲ' လို့ ခင်ဗျား မေးချင်လိမ့်မယ်။

ကျွန်တော်လည်း မသိဘူးဗျ။ အမှန်တိုင်း ဝန်ခံရမယ်ဆို ကျွန်တော် ကြိုးစားကြည့်ဖူးတယ်။ နောက်ဆုံးတော့ စိတ်ပျက်စရာတွေ ဖြစ်လာတော့တာပါပဲ။

ဒါတွေ အားလုံးက လွန်ခဲ့တဲ့ ခုနစ်ရက်က စဖြစ်ခဲ့တာ။



mgyoe.com

တစ်ရက်မှာ ကျွန်တော် အအေးမိသလို ဖြစ်သွားတယ်။ ဒါပေမဲ့ အလုပ်တော့ အပျက်မခံခဲ့ဘူး။ ပုံမှန်အတိုင်း စာတွေ လိုက်ပို့တယ်။ နောက်နေ့ ကျတော့ ကျွန်တော် အဖျားဝင်လာရော။ ကျွန်တော့်ခေါင်း ညာဘက်ခြမ်းက စကိုက်လာတယ်။ ဆေးခန်းသွားရတာ မုန်းတဲ့သူပီပီ ကျွန်တော် နီးစပ်ရာ ဆေးဆိုင်တစ်ဆိုင်ကနေ အထောက်အကူဖြစ်မယ့် ဆေးတချို့ ဝယ်သောက် လိုက်တယ်။ နှစ်ပတ်လောက်အထိ စွဲသောက်တာတောင် မသက်သာလာဘူး။

အဲဒါနဲ့ ကျွန်တော် ဆေးခန်းသွားပြခဲ့တယ်။ ဆရာဝန်က ဘာပြော လိုက်တယ်ထင်လဲ။ ဘရိန်းကျူမာ (ဦးနှောက်အကြိတ်) အဆင့်လေးတဲ့ဗျာ။ ပြီးတော့ ပြောလိုက်သေးတယ်။ ကျွန်တော် အများဆုံး ခြောက်လလောက်ပဲ အသက်ရှင်ရတော့မယ်။ အဲဒီထက် တစ်ပတ်လောက် ပိုနေခွင့်ရရင် ကျွန်တော် သိပ်ကံကောင်းလို့ပဲတဲ့။ ခီမိုဆေးသွင်းမလား (ဓာတုကုထုံး) ဒါမှ မဟုတ် ရောဂါ သက်သာအောင် ဆေးဝါးတွေပဲ မှီဝဲမလားလို့ မေးခဲ့တယ်။ ကျွန်တော် သူ့ စကားကို နားမထောင်ခဲ့ဘူး။

ကျွန်တော် ငယ်ငယ်ကဆို မကြာခဏ ရေသွားကူးလေ့ ရှိတယ်။ ရေသွားကူးတိုင်း အေးစက်နေတဲ့ ရေကန်ထဲကို ဗွမ်းခနဲ မြည်အောင် ခုန်ချ လိုက်တာပဲ။ ‘ဟိတ်ကောင်လေး...၊ ရေထဲ မဆင်းခင် သွေးပူလေ့ကျင့်ခန်း အရင် လုပ်’လို့ ကျွန်တော့်အမေက အော်ပြောလေ့ ရှိတယ်။ ဒါပေမဲ့ ကျွန်တော်က သူ့စကား မဆုံးခင် ရေအောက်ထဲ ရောက်ရောက်သွားတော့ ကောင်းကောင်း တောင် မကြားမိပါဘူး။ အခုတော့ အကြောင်းပြချက် တချို့ကြောင့် အဲဒီ အကြောင်းက ကျွန်တော့်ခေါင်းထဲ ပြန်ပေါ်လာတယ်။

နောက်ဆုံးတော့ ကျွန်တော် မတွေ့ချင်တဲ့ ဆရာဝန်ဆိုသူကြီးနဲ့ တွေ့ပြီးသွားပြီ။ ကျွန်တော် အိတ်ကို ကြမ်းပြင်ပေါ် ဘုတ်ခနဲ လွှတ်ချလိုက်ပြီး စမ်းသပ်ခန်းထဲကနေ ယိုင်တိုင်တိုင် လျှောက်ထွက်လာတယ်။ ဆရာဝန်က ခဏနေဦးဆိုပြီး အော်ခေါ်ပေမယ့် ကျွန်တော် လျစ်လျူရှုပြီး ဆေးရုံကနေ ထွက်ပြေးလာခဲ့တယ်။ လမ်းပိတ်နေသူမှန်သမျှကို ဝင်တိုက်မိတယ်။ ကျွန်တော် လဲကျတယ်။ ပြန်ထတယ်။ ဆက်ပြေးတယ်။ တံတားတစ်ခုရဲ့ အလယ်ကို ရောက်တော့ ကျွန်တော်မြေပြင်ပေါ် လေးဘက်ထောက်ချလိုက်ပြီး ကလေး တစ်ယောက်လို တရှုံ့ရှုံ့ ငိုခဲ့တယ်။



mgyoe.com

 SAMPLE BOOK 

ကျွန်တော် လိမ်ပြောတာပါ။ တကယ်တော့ အဲဒီလို မဟုတ်ခဲ့ဘူး။ လူတွေ ဆိုတာကလည်း ဒီလိုသတင်းမျိုး ကြားရင်တောင် အံ့အားသင့်စရာ ကောင်းလောက်အောင် တည်ငြိမ်နေတတ်ကြတာနော်။

ကိုင်း... အတည်ပြောမယ်ဗျာ။ အဖြစ်မှန်ကို ဆရာဝန်ပြောပြတုန်းက ကျွန်တော့်ခေါင်းထဲ ပထမဆုံးဝင်လာတဲ့ အကြောင်းက ကြောင်တောင်တောင် နိုင်လွန်းတယ်။ အခမဲ့ တစ်ကြိမ် အနှိပ်ခံခွင့်ရဖို့ စူပါမားကတ်က မန်ဘာကတ် ပေါ်မှာ တံဆိပ်တုံး တစ်ခုလိုနေသေးတဲ့အတွက် အိမ်သာသုံး စက္ကူနဲ့ ချေးချွတ် ဆေးတွေ များများဝယ်ရမယ် ဆိုတာကို အရင်ဆုံးတွေးမိတာ။

နောက်ဆုံးမှာတော့ ပြောမပြတတ်အောင် ဝမ်းနည်းမိတယ်။ ကျွန်တော့်အသက်က သုံးဆယ်ပဲ ရှိသေးတာလေ။ ဟန်းဒရစ်ခ်တို့၊ ဘတ်စ် ကွက်တို့ထက် လောကကြီးမှာ ပိုနေခဲ့ရပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် လုပ်စရာတွေ အများကြီး ကျန်သေးတယ်လို့ ခံစားမိတယ်။ ရှိတော့ ရှိမှာပေါ့ဗျာ။ ကျွန်တော် လည်း သေချာမသိဘူး။ ဒီကမ္ဘာပေါ်မှာ ကျွန်တော်တစ်ယောက်တည်း လုပ်မှ ပြီးမြောက်မယ့် အလုပ်မျိုးပေါ့။

ကျွန်တော် သိပ်အကြာကြီး ခံစားမနေခဲ့ဘူး။ ခြေဦးတည့်ရာ လျှောက် သွားရင်းနဲ့ ဘူတာရုံကို ရောက်လာခဲ့တယ်။ အဲဒီမှာ လူငယ်နှစ်ယောက်က ဂစ်တာတီးရင်း သီချင်းဆိုနေကြတယ်။

*'ဘဝဟာ တစ်နေ့ကျရင်တော့ အဆုံးသတ်မှာပဲကွာ*
*နောက်ဆုံးနေ့ မရောက်ခင်အထိတော့*
*လုပ်ချင်တာတွေကို လုပ်လိုက်စမ်းပါ။*
*မင်းလုပ်နိုင်တာကို လုပ်လိုက်စမ်းပါ။*
*မနက်ဖြန်ဆိုတာကို ဒီလိုပဲ ရင်ဆိုင်ရမှာ'*တဲ့။

အရူးတွေပဲ။ ဒီကောင်တွေ ကိုယ်တိုင်ကြုံမှ သိကြလိမ့်မယ်။ ဟုတ်ပါ ပြီကွာ။ မင်းတို့တွေ စိတ်ပျက်စရာ သိပ်ကောင်းတဲ့ ဒီဘူတာရုံရှေ့မှာပဲ သီချင်း ဆက်ဆိုနေကြတော့ဆိုပြီး ကျွန်တော် ထွက်လာခဲ့တယ်။

ပြောရမယ်ဆိုရင် ကျွန်တော် ဘယ်လိုမှ လက်မခံနိုင်ဘူး။ စိတ်ထဲမှာ လည်း ကယောင်ချောက်ချားတွေ ဖြစ်နေတယ်။ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ဘူး။



mgyoe.com

နောက်ဆုံးတော့ ကျွန်တော့်တိုက်ခန်းကို ပြန်သွားလိုက်တယ်။ လှေကားထစ်တွေကို တစ်ထစ်စီတက်ပြီး တံခါးသော့ ဖွင့်လိုက်တယ်။ ခြေချစရာနေရာ မရှိအောင် ကျဉ်းကျပ်တဲ့ အခန်းထဲကို ခြေချလိုက်တယ်။ ကျွန်တော်ကတော့ အဲဒါကို 'အိမ်' လို့ ခေါ်တယ်။ ခင်ဗျား ဘယ်လို သတ်မှတ်မလဲတော့ မသိဘူး။ တိုလီမိုလီတွေနဲ့ ရှုပ်ပွနေတဲ့ အခန်းက ကြည့်ရတာတော့ အတော်ဆိုးတယ်။ တကယ်တော့ ကျွန်တော် ဘာတစ်ခုကိုမှ မမြင်လိုက်ဘူး။ တံခါးပေါက်မှာပဲ အရုပ်ကြိုးပြတ်သလို လဲကျသွားခဲ့တာ။

ကျွန်တော် ပြန်နိုးလာတော့ တံခါးပေါက်မှာ လဲနေတုန်းပဲ။ ဘယ်လောက် ကြာသွားလဲဆိုတာ ဘုရားသခင်ပဲ သိမယ်။ မီးခိုးရောင် အကွက်လေးတွေနဲ့ အဖြူအမည်းစပ် ဘောလုံးတစ်လုံးက ကျွန်တော့်အရှေ့မှာ ရောက်နေတယ်။ အဲဒီဘောလုံးက 'မြောင်' ဆိုပြီး အသံပေးတော့မှ အဲဒါ ကြောင်တစ်ကောင်မှန်း ကျွန်တော် သတိထားမိတော့တယ်။

သူက အနားကပ်လာပြီး 'မြောင်' လို့ နောက်တစ်ခါ ထပ်အော်တယ်။ ဒီအိမ်မှာ ကျွန်တော်တို့ နှစ်ယောက်တည်း နေလာခဲ့တာ အခုနဲ့ဆို လေးနှစ်ရှိပြီလေ။ ဒါ ကျွန်တော့်ကို စိတ်ပူတဲ့ လက္ခဏာပဲလို့ ကျွန်တော် ယူဆလိုက်တယ်။

'ဟေး ... ငါ အခုထိ မသေသေးဘူး' လို့ ကျွန်တော် ပြန်ဖြေပြီး ထထိုင်လိုက်တယ်။ ကျွန်တော် ဖျားနေတုန်းပဲ။ ခေါင်းက အသေကိုက်နေတာ။ ကျွန်တော် တကယ် နေမကောင်း ဖြစ်နေတာ။

ကျွန်တော် တစ်စုံတစ်ယောက်ကို အခန်းထဲမှာ ရုတ်တရက် တွေ့လိုက်ရတယ်။

'တွေ့ရတာ သိပ်ဝမ်းသာတယ်ကွာ'

သူက ကျွန်တော့်ကို လှမ်းနှုတ်ဆက်တယ်။

ကျွန်တော် သူ့ကို သေချာကြည့်လိုက်တယ်။ သူက မတ်တတ်ရပ်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ အဲဒါ ကျွန်တော် ကိုယ်တိုင်ပဲဗျ။ ဒါမှမဟုတ် ကျွန်တော်နဲ့ ချွပ်စွပ်တူတဲ့ လူတစ်ယောက်ပဲ။

အဲဒီအချိန်မှာ 'ဒေါပဲလ်ဂန်ဂျာ' ဆိုတဲ့ စကားလုံးက ကျွန်တော့် အတွေးထဲ ဝင်လာတယ်။ ကျွန်တော် အဲဒီအကြောင်းကို တစ်ချိန်တုန်းက စာအုပ် တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်လေ။ ကျွန်တော်တို့ သေတော့မယ်ဆိုရင်


mgyoe.com

ကျွန်တော်တို့ရဲ့ ပုံတူလူတစ်ယောက် ပေါ်လာတတ်တယ်တဲ့။ ကျွန်တော် ရူးများ သွားသလား။ ဒါမှမဟုတ် ကျွန်တော့်ရဲ့ နောက်ဆုံးအချိန် တကယ်ရောက်လာ တာလား။ ကျွန်တော့်ခေါင်းက ချာချာလည်နေတယ်။ ကျွန်တော် တည်ငြိမ် အောင် ကြိုးစားကြည့်သေးတယ်။ မရဘူး။ နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ် ဆိုပြီးတော့ ကျွန်တော့်စိတ်ကို လွှတ်ပေးလိုက်တယ်။

'ခင်ဗျားကဘယ်သူလဲ'

'ကျွန်တော် သူ့ကို မေးလိုက်တယ်။

'ဘယ်သူလို့ ထင်လဲ'

သူက ကျွန်တော့်ကို ပြန်မေးတယ်။

'ခင်ဗျား ... ခင်ဗျားက သေမင်းလား'

'နီးစပ်တယ်'

'နီးစပ်တယ် ... ဟုတ်လား'

'ငါက မာရ်နတ်'

'မာရ်နတ် ... ဟုတ်လား'

'ဟုတ်တယ်။ ငါက မာရ်နတ်'

မာရ်နတ်က ကျွန်တော့်ကို ဒီလိုမျိုး ကိုယ်ထင်ပြခဲ့တာဗျ။ အံ့သြစရာပဲ မဟုတ်လား။ ခင်ဗျားတို့ရော မာရ်နတ်ကို မြင်ဖူးကြလား။ ကျွန်တော်ကတော့ မြင်ဖူးသွားပြီ။ မာရ်နတ်အစစ်မှာ ကြောက်စရာကောင်းတဲ့ မျက်နှာနီနီကြီးရယ်၊ အမြီးချွန်ချွန်ကြီးရယ် မရှိဘူး။ ခက်ရင်းခွကြီးကိုလည်း မကိုင်ထားဘူး။ မာရ်နတ် အစစ်က ကျွန်တော်တို့ ခင်ဗျားတို့လို ပုံစံပဲ။

လက်ခံဖို့တော့ မလွယ်လှဘူး။ ဒါပေမယ့် ကျွန်တော့်မှာလည်း ရွေးချယ် စရာရယ်လို့ ဘာမှ ရှိမနေဘူးလေ။ ပြီးတော့ သူ့ပုံစံက ရည်မွန်မယ့်ပုံမျိုးဆိုတော့ ကျွန်တော်လည်း သူနဲ့ စကားဆက်ပြောကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

မာရ်နတ်က ကျွန်တော်နဲ့ တော်တော်တူတယ်လို့ ထင်မိပေမယ့် အနီးကပ် ကြည့်လိုက်တဲ့အခါ နည်းနည်းကွဲပြားနေတာကို တွေ့ရတယ်။ ကျွန်တော်က ရိုးရိုးလေး ဝတ်ထားတာ။ ဘောင်းဘီက အမည်းရောင်၊ အင်္ကျီက အဖြူရောင်၊ ဆွယ်တာက အမည်းရောင် ... ကျွန်တော့်ပုံစံက တုံးလိုက်တာလို့ ခင်ဗျား ပြောလိမ့်မယ်။ ကျွန်တော် မငြင်းပါဘူး။ ကျွန်တော်က အထက်အောက်



mgyoe.com

mgyoe.com


တစ်ရောင်တည်း ဝတ်ရတာကို သိပ်ကြိုက်တာ။

'နင် ဒီဖိုင်းတစ်မျိုးတည်း ဝယ်လာပြန်ပီလား' လို့ ကျွန်တော့်အမေ ပြောလေ့ရှိတယ်။ ကျွန်တော် ရှော့ပင်ထွက်တိုင်း ဒီနေ့အထိ အဝတ်အစား ဆိုရင် တစ်ဆင်တည်းပဲ ရွေးနေမိတုန်း။

မာရ်နတ်ရဲ့ ဝတ်စားဆင်ယင်ပုံက နည်းနည်းဆန်းပြားတယ်လို့ ပြောရမလားပဲ။ သူက အုန်းပင်ပုံတွေ၊ ရေးဟောင်း အမေရိကန်ကားပုံတွေနဲ့ အရောင်တောက်တောက် ရှပ်အင်္ကျီကို ဝတ်ထားတယ်။ အားလပ်ရက်မှာ ကမ်းခြေကို အပန်းဖြေခရီး ထွက်သလို ဘောင်းဘီအတိုနဲ့၊ နေကာမျက်မှန်လည်း ပါသေးတယ်။ ရာသီဥတုက အေးစက်နေပေမယ့် သူက နွေစတိုင်လ်မျိုး ဝတ်ထားတာ။

မာရ်နတ်က စကား ပြန်စတယ်။

'အဲဒီတော့ မင်း အခု ဘာလုပ်မှာလဲ'

'ဟင်'

'ငါဆိုလိုတာက မင်းမှာ အချိန်အများကြီး မကျန်တော့ဘူးလေ။ မင်းလည်း သိနေတာပဲ'

'အင်း ... အဲဒါ .....'

'အဲဒီတော့ မင်း ဘာလုပ်မလဲ'

'လောလောဆယ်တော့ မသေခင် လုပ်မယ့်အရာ ဆယ်ခုကို ချရေး မလား တွေးနေတာ'

'ရုပ်ရှင်တွေထဲကလိုလား'

'အင်း ... အဲဒီလိုမျိုးပဲပေါ့'

'ကလေးကလား အလုပ်တွေ တကယ်လုပ်မလို့ စဉ်းစားထားတာလား'

'မလုပ်သင့်ဘူးလို့ ခင်ဗျား ထင်တယ်ပေါ့'

'လူတော်တော်များများ လုပ်ကြပါတယ်။ တစ်ခုမကျန် လုပ်မယ်လို့ သူတို့ အခိုင်အမာ ပြောတတ်ကြတယ်။ အဲဒီလို လူတွေအကြောင်းကို မင်းသိ တယ်မလား။ လူတွေ အားလုံး ဘဝမှာ အနည်းဆုံး တစ်ကြိမ်လောက်တော့ ကြုံတတ်ကြပါတယ်'

မာရ်နတ်က ပြောပြောဆိုဆိုနဲ့ ဟားတိုက်ရယ်လိုက်တယ်။


mgyoe.com

'စိတ်မရှိပါနဲ့။ ကျွန်တော် ဒါကို ရယ်စရာလို့ မထင် .....'

'မှန်ပါတယ်။ မင်းပြောတာ မှန်ပါတယ်။ မင်း မလုပ်ကြည့်ရင် ဘယ်တော့မှ သိမှာ မဟုတ်ဘူးလို့ ငါ ထင်တယ်။ ကိုင်း ... မင်းလုပ်ချင်တဲ့ ဆယ်ခုကို အခု မြန်မြန်လေး ချရေးလိုက်စမ်းပါ'

အဲဒါနဲ့ ကျွန်တော်လည်း စာရွက်အလွတ်တစ်ရွက် ယူလိုက်ပြီး အပေါ်ဆုံးမှာ ခေါင်းစဉ်ရေးလိုက်တယ်။

'ငါမသေခင် လုပ်ကြည့်ချင်တဲ့အရာ ဆယ်ခု'

ကျွန်တော် စိတ်အားငယ်နေမိတယ်။ ငါ မကြာခင် သေရတော့မှာကို အခု မဟုတ်တရုတ်တွေ လျှောက်ရေးပြီး အချိန်ဖြုန်းနေမိတယ်လို့ တွေးမိတယ်။ ရေးနေရင်း လမ်းစပျောက်ပျောက်သွားပေမယ့် ကျွန်တော့်ပခုံးပေါ်က ကျော်ကြည့်နေတဲ့ မာရ်နတ်ကို လျစ်လျူရှုရင်း၊ လာရှုပ်နေတဲ့ ကြောင်ကို တွန်းဖယ်ရင်း စာရင်းတစ်ခုတော့ ကြိုးစားပြုစုနိုင်ခဲ့တယ်။

ကျွန်တော် ဘာတွေ ရေးထားလဲ ဖတ်ကြည့်ပါ။

၁။ လေထီး ခုန်မယ်။

၂။ ဧဝရတ်တောင် တက်မယ်။

၃။ ဖာရာရီကားကို အရှိန်နဲ့ မောင်းမယ်။

၄။ သုံးရက်တာကျင်းပတဲ့ တရုတ်ရိုးရာ စားတော်ပွဲကို သွားမယ်။

၅။ ထရန်စဖော်မာစက်ရုပ်ပေါ် တက်စီးမယ်။

၆။ အချစ်စစ်ကို ရှာဖွေမယ်။

၇။ စတားဝါးရုပ်ရှင်ထဲက မင်းသမီးလီယာနဲ့ ဒိတ်လုပ်မယ်။

၈။ ကော်ဖီခွက်ကိုင်ထားတဲ့ ကောင်မလေး ချောချောလေး တစ်ယောက်ကို ဝင်တိုက်မိပြီးတော့ အချစ်ဇာတ်လမ်းတစ်ပုဒ် ဖန်တီးမယ်။

၉။ ကျောင်းတုန်းက တစ်ဖက်သတ် ကြိုက်ခဲ့တဲ့ ကောင်မလေးနဲ့ အတူ မိုးခိုမယ်။

၁၀။ အချစ်စစ်နဲ့ တစ်ကြိမ်လောက်ဖြစ်ဖြစ် ကြုံကြိုက်ချင်တယ်။

'အဲဒါ ဘာတွေလဲ'

'အာ ... ခင်ဗျား သိပါတယ်'

'မင်း ကလေးမဟုတ်တော့ပါဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါ မင်းကို


mgyoe.com

mgyoe.com  SAMPLE BOOK 

စိတ်ပျက်လာပြီ'

'တောင်းပန်ပါတယ်'

ကျွန်တော် အသုံးမကျတာကို သိပါတယ်။ ကျွန်တော့်ခေါင်းထဲမှာ ရှုပ်ထွေးနေတော့ ဒီထက်ကောင်းတဲ့ အချက်တွေကို ကျွန်တော် မစဉ်းစားတတ်တော့ဘူး။ ကြောင်တောင်မှ ကျွန်တော့်ကို စိတ်ပျက်သွားပုံရတယ်။ သူ ခြေလှမ်းနည်းနည်း နောက်ဆုတ်သွားတယ်။

မာရ်နတ်က ကျွန်တော့်ကို အားပေးသလိုမျိုး ပခုံးကို ပုတ်လိုက်တယ်။

'ဟုတ်ပြီကွာ။ ဟုတ်ပြီ။ ဒါဆို ငါတို့ လေထီးခုန်ဖို့ သွားကြရအောင်။ ATM (ဘဏ်ငွေထုတ်စက်) ဆီ အရင်သွားမယ်။ ပြီးတာနဲ့ ငါတို့ လေဆိပ်ကို သွားကြမယ်'

နှစ်နာရီလောက် ကြာတော့ ကျွန်တော် အမြင့်ပေသုံးထောင်ရောက်နေတဲ့ ဂျက်လေယာဉ်တစ်စင်းပေါ် ထူးထူးဆန်းဆန်း ရောက်သွားတယ်။

'အိုကေ ... ရယ်ဒီပဲလား'

မာရ်နတ်က သူ့ပုံစံအတိုင်း ရွှင်ရွှင်ပျပျပြောပြီး ကျွန်တော့်ကို တွန်းချလိုက်တယ်။ အဲဒါနဲ့ ကျွန်တော်လည်း လေယာဉ်ပေါ်ကနေ ပြုတ်ကျသွားတော့တာပဲ။

ဒါ ကျွန်တော် နှစ်ရှည်လများ မက်ခဲ့တဲ့ အိပ်မက်တစ်ခုဗျ။ အပြာ ရောင်ကောင်းကင်ကြီးရယ်၊ အဖြူရောင် တိမ်တိုက်တွေရယ်၊ မိုးကုပ်စက်ဝိုင်းတလျှောက် ဖြန့်ကျက်တည်ရှိနေတဲ့ ကမ္ဘာကြီးရယ်ကို ဟိုးအမြင့်ကြီးကနေကြည့်ပြီးရင် အရာရာတိုင်းက အရင်ကနဲ့ မတူဘဲ ပြောင်းလဲသွားမယ်လို့ ကျွန်တော် အမြဲထင်ခဲ့တယ်။

ကျော်ကြားတဲ့ လူတစ်ယောက်လည်း အဲဒီအတိုင်း ပြောခဲ့ဖူးတယ်။ သူ့နာမည်ကိုတော့ ကျွန်တော် မေ့နေပြီ။ တကယ်တမ်းကျတော့ အဲဒီလို မဟုတ်ဘူးဗျ။ အေးလည်း အေးတယ်။ ကြောက်ဖို့လည်း ကောင်းတယ်။ လူတွေက ဘာအကြောင်းကြောင့်များ သူတို့ဆန္ဒနဲ့ သူတို့ လေယာဉ်ပေါ်ကနေ ခုန်ချကြတာလဲဗျာ။ ဒါက ကျွန်တော်မသေခင် တကယ်လုပ်ချင်တဲ့ အရာရော ဟုတ်ရဲ့လားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်မိတယ်။ ကျွန်တော် မြေပြင်နဲ့ ရိုက်ခတ်မိသွားတဲ့အခါ အရာအားလုံးက အမှောင်အတိ ဖြစ်သွားတယ်။


mgyoe.com

ကျွန်တော် ပြန်နိုးလာတော့ ကျွန်တော့်အိမ်ထဲက ခုတင်ပေါ် ရောက်နေတာကို တွေ့ရတယ်။ ကျွန်တော့်ကို 'မြောင်' ဆိုတဲ့ အသံကပဲ နှိုးလိုက်တာ။ ကျွန်တော် ထထိုင်လိုက်တယ်။ ခေါင်းကလည်း တော်တော်ကိုက်နေတယ်။ မြေပြင်နဲ့ ရိုက်မိတဲ့ အရှိန်ကြောင့်လို့ ကျွန်တော်ထင်တာပဲ။

'နေပါဦး။ ကျွန်တော့်ကို ခဏတဖြုတ် အနားပေးပါဦးဗျာ'

ဘေးမှာ ထိုင်နေတဲ့ မာရ်နတ်ကို ကျွန်တော် တောင်းတောင်းပန်ပန် ပြောလိုက်တယ်။ (မာရ်နတ်က ဟာဝိုင်ယီအင်္ကျီနဲ့ဆိုတော့ ကျွန်တော် သူ့ကို 'အလိုဟာ' လို့ နာမည်ပေးဖို့ ဆုံးဖြတ်လိုက်တယ်)

'အဆင်မပြေ ဖြစ်သွားရင် ဆောရီးကွာ'

'ကျွန်တော် အဲဒီမှာ သေသွားနိုင်တယ်ဗျ။ ထားပါတော့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က သိပ်မကြာခင် သေရတော့မယ့်လူပဲ။ ဒါပေမယ့် တကယ်တမ်းတော့ ...'

အလိုဟာက ထိုင်ရာကထပြီး ခုတင်ဘေးမှာ မတ်တတ်ရပ် လိုက်တယ်။ ကျွန်တော်လည်း တိတ်တိတ်နေပြီး ကြောင်ကို ကောက်ချီလိုက်တယ်။ သူက နူးညံ့နွေးထွေးတဲ့ အမွေးပွ ဘောလုံးလေးလိုပဲ။ အရင်ကဆို ကျွန်တော် ဘာမှ မစဉ်းစားဘဲ သူ့ကို ကောက်ချီပြီး ပွတ်သပ်ပေးလိုက်တာ။ အခုတော့ ကျွန်တော့်ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် ရှင်သန်မှုကို ခံစားမိသွားတယ်။

'ကျွန်တော် ပြောချင်တာက ကျွန်တော့်မှာ မသေခင် လုပ်ချင်တဲ့ အရာတွေ များများစားစား မရှိဘူး ဆိုတာပါ'

'အိုး ... တကယ်လား'

'ကျွန်တော် တကယ်လုပ်ချင်တဲ့ အချက်ဆယ်ချက် စဉ်းစားနိုင်မယ် မထင်ဘူး။ အစောတုန်းက ကျွန်တော် ချရေးခဲ့တာတွေကလည်း အတော် ပျင်းစရာ ကောင်းတယ်။ စကားမစပ် ကျွန်တော် တစ်ခုလောက် မေးလို့ရမလား'

'ဘယ်သူ့ကိုလဲ။ ငါ့ကိုလား'

'ဟုတ်ပါတယ်။ ကျွန်တော် စဉ်းစားနေတာလေ။ ခင်ဗျား ဒီကို ဘာလာလုပ်တာလဲလို့'

အလိုဟာက ဟက်ခနဲ ရယ်လိုက်တယ်။ ကောင်းဖို့အတွက်တော့ မဖြစ်နိုင်ဘူးလို့ ကျွန်တော် မှတ်ယူလိုက်တယ်။



mgyoe.com

'မင်း တကယ် သိချင်တာလား။ ကောင်းပြီလေ။ ဒါဖြင့်ရင်လည်း ငါ ပြောပြရတာပေါ့'

'ပြောပါ။ ကျွန်တော် ခင်ဗျားကို ကြောက်လာပြီ'

အလိုဟာရဲ့ ရုတ်တရက် ပြောင်းသွားတဲ့ လေသံကြောင့် ကျွန်တော် တွန့်ခနဲ ဖြစ်သွားတယ်။ ကျွန်တော် စိုးရိမ်နေမိတယ်။ ပြဿနာတစ်ခုခု ကြုံရတော့မယ် ဆိုတာ ကျွန်တော် သိနေတယ်။

'ဘာများ ဖြစ်လို့လဲ'

ကျွန်တော် အသက်ပြင်းပြင်း ရှူသွင်းပြီး မတ်မတ်ထိုင်လိုက်တယ်။ အိုကေသွားမှာပါ။ ငါ မေးခွန်းလေး တစ်ခုပဲ မေးတာလေ။ မေးခွန်းတစ်ခု မေးတာက ပြဿနာ မရှိလောက်ပါဘူးလို့ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြောပြီး အားတင်းထားလိုက်တယ်။

'ဘာမှ မဖြစ်ပါဘူး။ ကျွန်တော် သိချင်ရုံပါပဲ။ ပြောပြပေးပါ'

'မင်း မနက်ဖြန် သေရတော့မယ်'

'ဟမ် ... မနက်ဖြန်'

'မင်း မနက်ဖြန် သေရတော့မှာ။ ငါ မင်းကို အသိပေးဖို့ ရောက်လာခဲ့ပယ'

သူက အဲဒီလို ပြောတော့ ကျွန်တော် ဆွံ့အသွားတယ်။ တော်တော်လေး စိတ်အားငယ်သွားတယ်။ စိတ်ဓာတ်က ဟိုးအောက်ဆုံးအထိ ကျသွားတယ်။ တဖြည်းဖြည်း တုန်လှုပ်ခြောက်ခြားလာတယ်။ ကျွန်တော့်တစ်ကိုယ်လုံး အားယုတ်သွားတယ်။ ဒူးတွေ တုန်လာတယ်။

အလိုဟာက ကျွန်တော့်အခြေအနေကို မြင်နေပေမယ့် သူ့ပုံစံအတိုင်း ရွှင်ရွှင်လန်းလန်း စကားဆက်ပြောတယ်။

'သိပ်လည်း ဝမ်းမနည်းပါနဲ့ကွ။ ငါ ကူညီဖို့ ရောက်လာတာပါ။ မင်းကို လမ်းပြပေးဖို့၊ မင်းကို ကမ်းလှမ်းစရာရှိလို့ လာခဲ့တာ'

'လမ်းပြပေးဖို့ ...၊ ခင်ဗျား ဘာကို ဆိုလိုတာလဲ'

'မင်း အခုလို အခြေအနေနဲ့ မသေချင်ဘူး မဟုတ်လား'

'ဟင့်အင်း ... အသက်ရှင်လို့ ရသလောက် ရှင်ချင်တယ်'

'ငါတို့ လုပ်လို့ရတာ တစ်ခုရှိတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

အလိုဟာက နှလုံးခုန်သံ တစ်ချက်အတွင်း မဆိုင်းမတွ ပြန်ပြောတယ်။

'ကျွန်တော်တို့ လုပ်လို့ရတာ...၊ ဘာကို ဆိုလိုတာလဲ'

'မင်းကတော့ အဲဒါကို မျက်လှည့်လို့ ခေါ်လိမ့်မယ်။ ဒါပေမယ့် အဲဒါက မင်းရဲ့ သက်တမ်းကို ပိုရှည်စေမှာ'

'တကယ်လား'

'အခြေအနေ တစ်ခုတော့ ရှိတယ်။ မင်း စကြာဝဠာရဲ့ အခြေခံ နိယာမ တစ်ခုကို လက်ခံပေးမှ ရမယ်'

'ဘယ်ဟာလဲ'

'မင်း တစ်ခုကို လိုချင်ရင် တစ်ခုကို စွန့်လွှတ်ရမယ်'

'ကျွန်တော် ဘာလုပ်ရမယ် ဆိုတာကို အတိအကျ ပြောပါလား'

'လွယ်ပါတယ်။ မင်း အလဲအထပ် တစ်ခုပဲ လုပ်ရမှာ'

'အလဲအထပ်...၊ ဟုတ်လား'

'ဟုတ်တယ်။ မင်း ကမ္ဘာပေါ်က အရာတစ်ခုကို ဖယ်ရှားပေးရမယ်။ အဲဒီအတွက် မင်း အသက်ရှင်ဖို့ တစ်ရက်ပိုရမယ်'

'ခင်ဗျား နောက်နေတာ မဟုတ်ဘူးလား။ ကျွန်တော်လုပ်ရမှာ ဒါပဲ လား'

ကျွန်တော် သေရတော့မှာတော့ ဟုတ်ပါတယ်။ အခုထိတော့ မသေ သေးဘူးလေ။ အလိုဟာမှာ ဘာအစွမ်းအစတွေ ရှိနေလို့ ဒီလိုကမ်းလှမ်းနိုင်ရ တာလဲဆိုတာ ကျွန်တော် တွေးနေမိတယ်။

'ငါက ဘာကြောင့် ဒီလိုကမ်းလှမ်းနိုင်စွမ်း ရှိတာလဲလို့ မင်း အခု တွေးနေတာ ထင်တယ်'

'ခင်ဗျား ဘာလို့ ဒီလိုပြောနိုင်ရတာလဲ'

'လူတစ်ယောက်ရဲ့ အတွေးကို ဖတ်တဲ့အလုပ်က ငါ့အတွက် အလွယ် လေးပဲ။ ငါ ဘယ်သူဆိုတာ မင်းမေ့သွားပြီလား။ ငါက မာရ်နတ်လေ'

'မမေ့ပါဘူး'

'ငါတို့မှာ အချိန်သိပ်မကျန်ဘူး။ ဘယ်လိုလဲ။ ငါပြောတဲ့ အလဲအထပ် ကိစ္စကို မင်း သဘောတူလား'

'တူတယ်'


mgyoe.com

mgyoe.com

SAMPLE BOOK


'ကောင်းပြီလေ။ မင်း ငါ့ကို အပြည့်အဝ မယုံကြည်သေးတော့ ဒီအလဲ အထပ်ကိစ္စ ဘယ်လိုဖြစ်လာလဲဆိုတာ အရင်ပြောပြမယ်'

အလိုဟာက သူ့ကိုယ်သူ သက်သောင့်သက်သာ ဖြစ်အောင် ဟန်ပြင်လိုက်တယ်။

'မင်း ကမ္ဘာဦးအကြောင်း ရေးထားတဲ့ ကျမ်းစာကို သိတယ်မလား'

'ခရစ်ယာန်တွေရဲ့ သမ္မာကျမ်းစာကို ပြောတာလား။ ကျွန်တော် သိတော့ သိတယ်။ တစ်ခါမှတော့ မဖတ်ဖူးသေးဘူး'

'အို ... ဖတ်ဖူးရင်တော့ ငါ အခု ပြောတာတွေကို မြန်မြန်သဘောပေါက်မှာ'

'စိတ်မရှိပါနဲ့'

'ကိစ္စ မရှိပါဘူး။ မင်း သဘောပေါက်အောင် ငါ သေချာပြောပြမယ်။ ဘုရားသခင်က ကမ္ဘာကြီးကို ခုနစ်ရက်တည်းနဲ့ ဖန်ဆင်းခဲ့တဲ့ အကြောင်းကို အရင်ပြောပြမယ်'

'အဲဒါတော့ ကျွန်တော် ကြားဖူးတယ်'

'ပထမနေ့မှာ ကမ္ဘာကြီးက အမှောင်ဖုံးနေတော့ ဘုရားသခင်က အလင်းရောင်ကို ဖန်ဆင်းပြီး နေ့နဲ့ညကို ဖြစ်ပေါ်စေလိုက်တယ်။ ဒုတိယနေ့မှာ နဝ်ပြည့်ကို ဖန်ဆင်းခဲ့တယ်။ တတိယနေ့မှာ ကမ္ဘာမြေပြင်ရယ်၊ ပင်လယ် သမုဒ္ဒရာတွေရယ်၊ သစ်ပင်တွေရယ်ကို ဖန်ဆင်းခဲ့တယ်'

'စိတ်ဝင်စားစရာပဲ'

'ဟုတ်တယ်။ စတုတ္ထနေ့မှာ နေရယ်၊ လရယ်၊ ကြယ်တွေရယ်ကို ဖန်ဆင်းခဲ့တယ်။ စကြဝဠာကြီး မွေးဖွားလာတာပေါ့လေ။ ပဉ္စမနေ့မှာ ငါးတွေ၊ ငှက်တွေကို ဖန်ဆင်းခဲ့တယ်။ ဆဋ္ဌမနေ့မှာ တခြားသတ္တဝါတွေအပြင် သူနဲ့ ပုံစံတူတဲ့ လူသားတွေကို ဘုရားသခင်က ဖန်ဆင်းခဲ့တယ်'

'ကျွန်တော် အခုမှတ်မိပြီ။ နတ်ပြည်ရယ်၊ ကမ္ဘာကြီးရယ်၊ စကြဝဠာရယ်ပြီးတော့ လူသားတွေကို ဖန်ဆင်းခဲ့တယ်။ ခုနစ်ရက်မြောက်မှာကော ဘာတွေဖြစ်လဲ'

'ခုနစ်ရက်မြောက်နေ့မှာ သူ အနားယူတယ်။ ဘုရားသခင်တောင် အနားယူဖို့ လိုအပ်တယ်'


mgyoe.com

'အဲဒါ တနင်္ဂနွေနေ့ မဟုတ်လား'

'ဟုတ်တာပေ့ါ။ မယုံနိုင်စရာပဲ မဟုတ်လား။ အရာအားလုံးကို ခုနစ်ရက်တည်းနဲ့ ဖန်ဆင်းခဲ့တာ။ ဘုရားသခင်က သိပ်အံ့သြစရာ ကောင်းတယ်။ ငါကတော့ သူ့ကို တော်တော်လေးစားတယ်ကွ'

ကျွန်တော် ဘာမှပြန်မပြောတော့ သူက ဆက်ပြောတယ်။

'ပထမဆုံး အမျိုးသားရဲ့ နာမည်က အာဒမ်တဲ့။ လူသားဆိုလို့ အာဒမ် တစ်ယောက်တည်း ရှိတဲ့အတွက် သူပျင်းနေမှာစိုးလို့ ဘုရားသခင်က သူ့နံရိုး တစ်ချောင်းကနေ အမျိုးသမီးတစ်ယောက်ကို ဖန်ဆင်းလိုက်တယ်။ သူတို့ နှစ်ယောက်က ဒေင်ဥယျာဉ်ကြီးထဲမှာ နေထိုင်ကြတယ်။ ပြောရမယ်ဆိုရင် ဧဒင် ဥယျာဉ်က နတ်ပြည်လိုပဲ။ အဲဒီမှာ သူတို့ လုပ်ချင်တာ လုပ်နိုင်တယ်။ စားချင်တာ စားနိုင်တယ်။ အိုမင်းရင့်ရော်ခြင်း မရှိသလို သေခြင်းဆိုတာလည်း မရှိဘူး။ ဒါပေမယ့် စားခွင့် လုံးဝမရှိဘူးလို့ တားမြစ်ထားတဲ့ ပန်းသီးတော့ ရှိတယ်'

'ပန်းသီးလား'

'ငါက သူတို့ကို အဲဒီပန်းသီး စမ်းစားကြည့်ဖို့ တိုက်တွန်းလိုက်တယ်'

'ဝိုး ... ခင်ဗျားက တကယ်ဆိုးတာပဲ'

'နေပါဦး။ မချီးကျူးနဲ့ဦး။ ငါ ဆက်ပြောမယ်။ အဲဒီလိုနဲ့ သူတို့ နှစ်ယောက်က နတ်ပြည်ကနေ နှင်ထုတ်ခံလိုက်ရတယ်။ အဲဒီအချိန်က တည်းက လူသားတွေဟာ အိုမင်းခြင်းနဲ့ သေဆုံးခြင်းကို ကြုံဆုံဖို့ ကြမ္မာငင် လာတာပဲ။ အဲဒါက သဘောထား ကွဲလွဲမှုတွေ၊ ရန်းကန်လှုပ်ရှားမှုတွေရဲ့ အစပဲ'

'ဟော့လူ ... ခင်ဗျားက တကယ့်မာရ်နတ် အစစ်ပဲ'

'မင်းရဲ့ မြှောက်ပင့်မှုအတွက် ကျေးဇူးတင်ပါတယ်။ ပြောရရင် အဲဒါက ငါ့အတွက် သိပ်မခက်ခဲပါဘူးကွာ။ ဘုရားသခင်က သူ့သားဂျီးဆပ်စ်ကို ကမ္ဘာ မြေပေါ် စေလွှတ်လိုက်သေးတယ်။ သူလည်း လူသားအားလုံးကို လမ်းမပြနိုင် ခဲ့ဘူး။ နောက်ဆုံးမှာ လူတွေကပဲ သူ့ကို ပြန်သတ်လိုက်တာ'

'ကျွန်တော် အဲဒီအကြောင်းကို ကြားဖူးတယ်'

'အဲဒီနောက်ပိုင်းမှာ လူသားတွေက တစ်နေ့တခြား ပိုပိုပြီးတော့ တစ်ကိုယ်ကောင်း ဆန်လာကြတယ်။ သူတို့အတွက် အသုံးဝင်လား လိုအပ် လားတောင် ရေရေရာရာ မသိတဲ့ ဖန်စီပစ္စည်းတွေကို တီထွင်လာတယ်'



mgyoe.com

'ကျွန်တော် နည်းနည်းတော့ သဘောပေါက်လာပြီ'

'အဲဒီတော့ ငါက ဘုရားသခင်ကို နောက်တစ်ခု တင်ပြလိုက်တယ်။ ငါ ကမ္ဘာမြေပေါ်သွားပြီး လူသားတွေကို ဘယ်အရာကိုတော့ သူတို့ လိုအပ်တယ်၊ ဘယ်အရာကိုတော့ သူတို့ မလိုအပ်ဘူး စသဖြင့် ကူညီဆုံးဖြတ်ပေးမယ်လို့ ပြောလိုက်တယ်။ ပြီးတော့ အရာတစ်ခုခုကို ကမ္ဘာမြေပေါ်က ဖယ်ရှားနိုင်တဲ့ ဘယ်လူသားကိုမဆို ဆုလာဘ်အနေနဲ့ သူတို့သက်တမ်းကို တစ်ရက်တိုးပေးမယ်လို့ ငါ ဘုရားသခင်ကို ကတိပြုခဲ့တယ်။ ဘုရားသခင်ကလည်း ငါ့ကို အဲဒီလို လုပ်နိုင်မယ့်စွမ်းအား ချီးမြှင့်ခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ ငါနဲ့ အလုပ်တွဲလုပ်နိုင်မယ့် လူတွေကို ငါ တော်တော်ရှာခဲ့တာ။ အဲဒီလိုနဲ့ မင်းကို ရှာတွေ့သွားတာပဲ။ ငါက အဆင့်အတန်း မခွဲခြားတတ်ဘူး။ လူတန်းစား ပေါင်းစုံနဲ့ အလုပ် တွဲလုပ်ပါတယ်။ တိတိကျကျ ပြောရရင် မင်းက ငါ့ရဲ့ တစ်ရာ့ရှစ်ယောက်မြောက်ပဲကွ'

'တစ်ရာ့ရှစ်ယောက်မြောက်လား'

'ဟုတ်တယ်။ သိပ်မများသေးဘူး မဟုတ်လား။ တစ်ကမ္ဘာလုံးမှာမှ တစ်ရာ့ ရှစ်ယောက်ပဲ ရှိသေးတာ။ မင်း တော်တော်ကံကောင်းတယ်။ အရာတစ်ခုကို ကမ္ဘာပေါ်က ပျောက်ကွယ်သွားအောင် လုပ်လိုက်ရုံနဲ့ မင်းရဲ့သက်တမ်းတစ်ရက် တိုးသွားမှာ။ မမိုက်ဘူးလား'

တော်တော်ရယ်စရာကောင်းတဲ့ ကမ်းလှမ်းချက်ပဲနော်။ သူ့အသံက ပစ္စည်းတစ်ခုခုကို အသည်းအသန် ရောင်းချင်နေတဲ့ တီဗီရှပ်သံလိုင်းထဲက ကြော်ငြာတစ်ခုလိုပဲ။ ပစ္စည်းတစ်ခုနဲ့ လူ့သက်တမ်း တစ်ရက်ကို ဘယ်လိုများလဲလို့ ရမှာလဲဗျာ။ ကျွန်တော် အခုချိန်ထိ မယုံနိုင်သေးပေမဲ့ ကျွန်တော်က ငြင်းလို့ရတဲ့ အခြေအနေမှာ ရှိနေတာ မဟုတ်ဘူး။ ကျွန်တော် မကြာခင် သေရတော့မှာလေ။ ကျွန်တော့်မှာ ရွေးစရာ မရှိဘူးဗျ။

အဲဒီတော့ အရာတစ်ခုခုကို ကမ္ဘာမြေပေါ်က ဖယ်ရှားပေးရင် ကျွန်တော် အသက်တစ်ရက် ပိုရှည်မှာ။ တစ်လကို အခုသုံးဆယ်၊ တစ်နှစ်ကို သုံးရာခြောက်ဆယ့်ငါးခု။ လွယ်မယ့်ပုံပဲ။ ကြက်ဥမွှေကြော် အပေါ်က နံ့နံ့ပင်တွေ၊ ရောင်းအားတက်အောင် ဘူတာရုံရှေ့မှာ အခမဲ့ပေးနေတဲ့ တစ်ရှူးတွေ၊ ဒါမှမဟုတ် ရေခဲသေတ္တာတို့၊ အဝတ်လျှော်စက်တို့ အသစ်ဝယ်တဲ့အခါ ပါလာတဲ့



mgyoe.com

အညွှန်းစာအုပ်တွေလို အသုံးမဝင်တဲ့ အရာတွေ ကမ္ဘာပေါ်မှာ အများကြီးပဲ။ စဉ်းစားကြည့်လိုက်ရင် ခင်ဗျားခေါင်းထဲမှာ တစ်ခုပြီးတစ်ခု ပေါ်လာလိမ့်မယ်။ အခုတစ်သန်း၊ နှစ်သန်းလောက် ရှိနိုင်တယ်ဗျ။ ကမ္ဘာကြီးက အဲဒါတွေ မရှိလည်း ပုံမှန်အတိုင်း လည်ပတ်နိုင်မှာပဲ။

ကျွန်တော် အသက်ခုနှစ်ဆယ်အထိ နေချင်တယ်ဆိုရင် ကျွန်တော့် သက်တမ်း နောက်ထပ်နှစ်လေးဆယ် ကျန်ဦးမယ်။ အဲဒီတော့ ကျွန်တော် တစ်သောင်းလေးထောင်ခြောက်ရာသော အရာတွေကို ပျောက်ကွယ်သွား အောင် လုပ်နိုင်ရင် အသက်ခုနှစ်ဆယ်အထိ နေခွင့်ရမယ်။ အဲဒီအတိုင်း ဆက် သွားမယ်ဆို အသက်တစ်ရာ နှစ်ရာလောက်အထိတောင် နေသွားနိုင်မယ်လို့ ကျွန်တော် တွေးမိတယ်။

အလိုဟာ ပြောသလိုပဲ လူတွေဟာ အသုံးမဝင်တဲ့ အရာတွေကို တီထွင်ကြံဆခဲ့တာ နှစ်ပေါင်းထောင်ချီနေပြီ။ အဲဒီလို အရာတွေ ကမ္ဘာပေါ်က တစ်နေ့တစ်ခုလောက် ပျောက်ကွယ်သွားရုံလောက်နဲ့ လူတွေ သိပ်သတိထား မိမှာ မဟုတ်လောက်ဘူး။ ကမ္ဘာကြီးက ပိုတောင် ရိုးရှင်းသွားဦးမယ်။ လူတွေက ကျွန်တော့်ကို ကျေးဇူးတောင် တင်ကြဦးမယ်။

အဲဒါအပြင် ကျွန်တော့်အလုပ်အကိုင်ကို ကြည့်ပါ။ ကျွန်တော်က စာပို့ သမားတစ်ယောက်၊ သိပ်မကြာခင် စာပို့သမား ဆိုသူတွေ ပျောက်ကွယ်သွား လိမ့်မယ်။ ဘာလို့လည်းဆိုတော့ စာတွေ၊ ပို့စကဒ်တွေ ပျောက်ကွယ်သွားမယ့် တစ်နေ့ ရောက်လာမှာမို့လို့ပဲ။ အခုတောင် တဖြည်းဖြည်း လျော့နည်းလာပြီ မဟုတ်လား။ ကမ္ဘာကြီးအတွက် လူသားမျိုးနွယ်စု တစ်ခုလုံးကိုတောင် မလို အပ်တာမျိုး ဖြစ်နိုင်မယ်။

'ကောင်းပြီလေ။ အလဲအထပ်လုပ်ဖို့ ကျွန်တော် သဘောတူတယ်။ လုပ်ပါ။ တစ်ခုခုကို ဖျောက်ပစ်လိုက်ပါ။ ကျွန်တော် အသက်ရှည်ရှည် နေချင်တယ်'

ကျွန်တော် သတ်မှတ်ချက်တွေကို သဘောတူလိုက်တယ်။ ကျွန်တော့် ဘဝထဲက အရာတစ်ခုခုကို ဖယ်ရှားခံမယ်လို့ ဆုံးဖြတ်ချက် ချလိုက်တာနဲ့ ကျွန်တော် အရင်ထက် ပိုပြီး သတ္တိရှိလာတာကို ရုတ်တရက် ခံစားမိသွား တယ်။

'ဝိုး ... တကယ်လား။ မင်း သဘောတူပြီပေါ့'


mgyoe.com

mgyoe.com SAMPLE BOOK

မာရ်နတ်က ပြန်ပြောတယ်။ ကျွန်တော့်ဆုံးဖြတ်ချက်ကို သူ အံ့သြသွားပုံရတယ်။

'ကျွန်တော် ဘယ်အရာကို ဖျောက်ဖျက်သင့်လဲ။ ကြည့်ရအောင် ... အရင်ဆုံး နံရံပေါ်က အစွန်းအထင်းတွေ ပျောက်သွားအောင် လုပ်ကြမလား'

အလိုဟာက ဘာမှပြန်မပြောဘူး။ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။

'စာအုပ်စင်ပေါ်က ဖုန်တွေ ဆိုရင်ကော ဘယ်လိုလဲ'

သူ ငြိမ်နေတုန်းပဲ။

'ဒါဆို ရေချိုးခန်းကြွေပြားပေါ်က ရေညှိတွေကို သွားတိုက်ကြမလား'

'မင်း ငါ့ကို အိမ်အကူကောင်မလေးလို့ ထင်နေတာလား။ မင်းနဲ့ အလုပ်လုပ်နေတဲ့သူက မာရ်နတ်ဆိုတာ မမေ့နဲ့နော်'

'ကျွန်တော် တွေးတာတွေက မမှန်လို့လား'

'မင်း ဘာတွေ မျှော်လင့်နေတာလဲ။ ဆုံးဖြတ်ရမယ့်သူက ငါလေ'

'ခင်ဗျား ဘယ်လို လုပ်မှာလဲ'

'ဘယ်လို လုပ်မှာလဲဆိုတော့ ငါ့ရဲ့ စိတ်ခံစားချက်အပေါ် မူတည်တယ်လို့ ပြောရမှာပေါ့'

အလိုဟာက အခန်းတစ်ခန်းလုံးကို သေချာလိုက်ကြည့်နေတယ်။ ကျွန်တော်လည်း သူ ကြည့်တဲ့နေရာကို လိုက်ကြည့်ရင်း 'အဲဒီရုပ်တုကိုတော့ မထိနဲ့၊ အဲ့ဒီ limited edition (အရေအတွက် ကန့်သတ်ထုတ်ဝေထားတဲ့) အပြေးဖိနပ်တွေကို မကိုင်နဲ့' ဆိုပြီး စိတ်ထဲကနေ ကြောက်ကြောက်နဲ့ ရေရွတ်နေမိတော့တယ်။

သူ ဖယ်ရှားပစ်မယ့် ပစ္စည်းတစ်ခုအတွက် ကျွန်တော့်သက်တမ်းတစ်ရက် ပိုရှည်ခွင့်ရမယ် ဆိုတော့ လွယ်မယ်မထင်ဘူး။ ပြီးတော့ သူက မာရ်နတ်လေ။ အဲဒီတော့ ကြီးမားတဲ့အရာ တစ်ခုခုကို ကျွန်တော် ရွေးချယ်ရမှာလား၊ နေကိုလား၊ လကိုလား၊ သမုဒ္ဒရာကိုလား၊ ကမ္ဘာကိုလား၊ အဲဒါတွေကရော သူ့အတွက် လုံလောက်ပါ့မလားဆိုပြီး ကျွန်တော် တွေးနေမိတယ်။ နောက်ဆုံးမှာတော့ အလိုဟာရဲ့ အကြည့်က စားပွဲပေါ်မှာ အဆုံးသတ်သွားတယ်။

'အဲဒါဘာလဲ'

အလိုဟာက စက္ကူဘူးလေးကို လှမ်းယူပြီး လှုပ်ခါကြည့်လိုက်တယ်။


mgyoe.com

အထဲကနေ အသံတချို့ ထွက်လာတယ်။

'အဲဒါ ချော့ကလက်ဘီစကစ်တွေ။ Mountain Mushroom (မောင်တိန်မက်ရှ်ရွန်း)'

'မက်ရှ်ရွန်းလား'

'မဟုတ်ဘူး။ မောင်တိန်မက်ရှ်ရွန်း'

အလိုဟာက သဘောမပေါက်ဟန် ခေါင်းတစ်ဖက် စောင်းပြီးတော့ ပဟေဠိ အဖြေညှိသလို စဉ်းစားနေတယ်။

'အဲဒါကရော ဘာလဲ'

အလိုဟာက ပထမစက္ကူဘူးရဲ့ ဘေးနားက နောက်ဘူးတစ်ဘူးကို လှမ်းယူပြီး လှုပ်ကြည့်လိုက်တယ်။ ထွက်လာတဲ့ အသံက ပထမအသံနဲ့ တူတူပဲ။

'အဲဒါက Bamboo Shoot Village (ဘမ်ဘူးရှုတ်ဗေလစ်ဂျ်) ဘီစကစ်'

'ဘမ်ဘူးရှုတ်လား'

'မဟုတ်ဘူး။ ဘမ်ဘူးရှုတ်ဗေလစ်ဂျ်'

'အဓိပ္ပါယ် မရှိဘူး'

'အဲဒါ ချောကလက်နာမည်တွေပါ'

'ချောကလက်လား'

'ဟုတ်တယ်'

ကျွန်တော် ဟိုတလောက မြို့ထဲက ရှော့ပင်းစင်တာမှာ ချောကလက်ဘူးတွေ ဆုရခဲ့တယ်။ ပြောရမယ်ဆို ဆုကြီးမရလို့ နှစ်သိမ့်ဆုအနေနဲ့ ရခဲ့တာပါ။ အဲဒီချောကလက်တွေက အဲဒီနေ့ကတည်းက စားပွဲပေါ်မှာ ရှိနေတာ။

'လူသားတွေ ချောကလက် သိပ်ကြိုက်တဲ့အကြောင်း ငါ ကြားဖူး တယ်။ ဒီလောက် ဖြစ်လိမ့်မယ်လို့ မထင်ထားဘူး။ ချောကလက်တွေက ဘာလို့ မှိုပုံတွေ၊ မျှစ်ပုံတွေ ဖြစ်နေရတာလဲ'

'မေးခွန်းကောင်း တစ်ခုပဲ။ ကျွန်တော် တစ်ခါမှ မစဉ်းစားမိဖူးဘူး'

'ဒါဆို ငါတို့ ချောကလက်တွေကို ဖျောက်ပစ်ကြမလား'

'ဟမ်'

'မင်း မေ့သွားပြီလား။ ငါတို့က ကမ္ဘာပေါ်က ဖျောက်ပစ်ရမယ့် အရာ



mgyoe.com

ကို ဆုံးဖြတ်နေကြတာလေ။ မင်း မမှတ်မိဘူးလား'

'မှတ်မိပါတယ်'

ချောကလက်တွေသာ ကမ္ဘာမြေပေါ်ကနေ ပျောက်ကွယ်သွားရင် ကမ္ဘာကြီး ဘယ်လို ပြောင်းလဲသွားမလဲဆိုတာ ကျွန်တော် စိတ်ကူးယဉ် ကြည့်ဖူးတယ်။ ကမ္ဘာပေါ်က ချောကလက် ကြိုက်တဲ့သူတွေ ပူဆွေးကြမယ်။ ငိုကြွေးကြမယ်။ သွေးတွင်းသကြားဓာတ် လျော့နည်းလာပြီး စားမဝင် အိပ်မပျော် ဖြစ်လာမယ်။ သူတို့ရဲ့ ကျန်ရှိနေတဲ့ ဘဝသက်တမ်းကို ထိုင်းမှိုင်းလေးကန်စွာ ဖြတ်သန်းကြရလိမ့်မယ်။

ချောကလက်တွေရဲ့ နေရာမှာ မာရှ်မယ်လိုး အချိုမုန့်တွေ၊ ကြံသကာနဲ့ လုပ်တဲ့မုန့်တွေ နေရာယူသွားမှာလား။ ကျွန်တော်တော့ မထင်ဘူး။ ချောကလက်လောက် စွဲဆောင်မှုရှိမှာ မဟုတ်ဘူးဗျ။ လူတွေက ချောကလက်နေရာ အစားထိုးနိုင်မယ့် အချိုမုန့်တစ်ခုခုကို သေချာပေါက် တီထွင်လိမ့်မယ်။ ကျွန်တော်တို့တွေဟာ အစားအသောက်နဲ့ ပတ်သက်လာရင် ရောင့်ရဲတင်းတိမ်မှု မရှိကြဘူးလေ။

ကျွန်တော့်ကြောင်ဆိုရင် စားကြွင်းစားကျန်တွေကို ထမင်းနဲ့ နယ်ပြီး ကျွေးလိုက်ရင် ကောင်းကောင်းစားတယ်။ လူတွေလို မဟုတ်ဘူး။ လူတွေက အစားအသောက် ဂျီး(ချေး)များကြတယ်။

လူတွေက မုန့်တစ်ခုခုကို လုပ်ပြီဟေ့ဆိုရင် မုန့်ကန်တဲ့အရသာထွက်ဖို့ လှပတဲ့ပုံသဏ္ဍာန် ထွက်ဖို့ကို အချိန်ကုန်ခံ၊ လူပင်ပန်းခံကြတယ်။ အဲဒီမှာ ချောကလက်လည်း ပါဝင်တယ်။ တချို့ချောကလက်တွေထဲမှာ ဗာဒံစေ့တွေ၊ သီဟိုဠ်စေ့တွေ ပါတယ်။ တချို့ထဲမှာ စပျစ်သီးခြောက်တွေ ပါတယ်။ ချောကလက်ကို ဘီစကစ်တွေ၊ ဝေဖာတွေအဖြစ် ထုတ်လုပ်တယ်။ ဒီချောကလက်တွေကိုဆို မှိုပုံစံတွေ၊ မျှစ်ပုံစံတွေ လုပ်ထားတယ်။ ချောကလက်တွေက လူတွေကို စိတ်ကူးစိတ်သန်းအသစ်တွေ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးပုံပဲ။ ဒါကြောင့် လူတွေက အသစ်အသစ်သော အရာတွေကို ရောင့်ရဲတင်းတိမ်နိုင်ခြင်း မရှိဘဲ တီထွင်ကြံဆနေတာ ဖြစ်နိုင်တယ်။ ဒီကမ္ဘာမြေပေါ်မှာ ရှင်သန်နေထိုင်ခွင့်ရတာ ကံကောင်းတယ်လို့ ကျွန်တော် တစ်ခါတလေ တွေးမိတယ်ဗျ။

'ချောကလက်အတွက် ငါ့အသက်ကို ပျော်ပျော်ကြီး ပေးလိုက်မယ်'



mgyoe.com

လို့ ထပြောရင်တော့ ခင်ဗျားရူးနေလို့ပဲ။ ဒီကမ္ဘာပေါ်မှာ အဲဒီလောက် ပိန်းတဲ့သူ ရှိလောက်မယ် မထင်ဘူး။ ကျွန်တော်ကတော့ ချောကလက်ကို စွန့်လွှတ်လိုက်လို့ အသက်တစ်ရက် ပိုရှည်မယ်ဆိုရင် ရဲရဲကြီး စွန့်လွှတ်လိုက်မယ်။ ကံကောင်းတယ်လို့တောင် မှတ်ယူမိဦးမယ်။ ကျွန်တော့်သက်တမ်း ပိုရှည်ဖို့အတွက် ချောကလက်လိုပဲ နှစ်ခါမစဉ်းစားဘဲ စွန့်လွှတ်လို့ ရတဲ့အရာတွေ အများကြီး ရှိဦးမယ်လို့ ကျွန်တော် ထင်တယ်။

မာရ်နတ်က မျှော်လင့်ချက် ကောက်ရိုးတစ်မျှင် ကမ်းလှမ်းနေတာကို ကျွန်တော့်စိတ်ထဲမှာ စတင်ခံစားလာမိတယ်။

'အရသာက တော်တော်ကောင်းလား'

အလိုဟာက ချောကလက်နှစ်ဘူးကို ငေးကြည့်ရင်း ကျွန်တော့်ကို မေးတယ်။

'မဆိုးပါဘူး' လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။

'သြော်'

'ခင်ဗျား စားဖူးလား'

'ဟင့်အင်း'

'တစ်ခုလောက် စားကြည့်လေ'

'ကျေးဇူးပဲ။ လူတွေရဲ့ အစားအသောက်က ငါနဲ့ အစပ်အဟပ် မတည့်ဘူး။ အရသာတွေက ... ငါလည်း မပြောတတ်ဘူး'

'တကယ်လား'

မာရ်နတ်တွေ ဘာစားလဲလို့ ကျွန်တော် မေးကြည့်မလို့ပဲ။ ဒါပေမယ့် ကျွန်တော့်ရဲ့ စပ်စုချင်စိတ်ကို ထိန်းချုပ်လိုက်တယ်။ အဲဒီနောက်မှာ အလိုဟာက သိချင်စိတ် ပြင်းပြလာတယ်ဗျ။ မောင်တိန်မက်ရှ်ရွှန်းချောကလက်ဘူးကို ပြန်ကောက်ယူလိုက်ပြီး ရှုကြည့်လိုက်တယ်။ ဘီစကစ်သေးသေးလေးတွေကို စိုက်ကြည့်လိုက်ပြီး နောက်တစ်ခါ ထပ်ရှုကြည့်တယ်။ ပြီးတော့ ဘီစကစ် တစ်ခုကို သတိနဲ့ယူ၊ နှုတ်ခမ်းမှာတေ့၊ မျက်လုံးကို မှိတ်ပြီး ပါးစပ်ထဲ ထည့်လိုက်တယ်။ ဘီစကစ်ဝါးတဲ့ တဂျွတ်ဂျွတ် မြည်သံက အခန်းထဲမှာ ပဲ့တင်ထပ်သွားတယ်။

'ဘယ်လို အရသာရှိလဲ'



mgyoe.com

ကျွန်တော် ညင်ညင်သာသာ မေးလိုက်တယ်။ သူက ဘာမှ ပြန်မဖြေဘူး။ မျက်လုံးအစုံကို ပိတ်ထားတုန်းပဲ။

'ဘယ်လိုနေလဲ။ မကောင်းဘူးလား'

ကျွန်တော် ထပ်မေးတယ်။ အလိုဟာက ပြန်မဖြေဘူး။ ဘီစကစ်ကို ဆက်ဝါးနေတယ်။

'ဘယ်လိုလဲ'

ကျွန်တော် နောက်တစ်ခါ ထပ်မေးတယ်။ သူ့ဆီက ဝါးတဲ့အသံက လွဲပြီး ဘာမှ ထွက်မလာဘူး။

'ခင်ဗျား အဆင်ပြေရဲ့လား။ ကျွန်တော် ဆေးရုံကား ခေါ်လိုက်ရမလား'

အဲဒီတော့မှ သူက မျက်လုံးပြန်ဖွင့်ပြီး ပြန်ဖြေတယ်။

'ဗိုး ... တော်တော်ကောင်းတာပဲကွ'

'တကယ်လား'

'အထဲမှာ ဘာတွေ ထည့်ထားတာလဲ။ စားလို့ သိပ်ကောင်းတယ်။ ဒီလို ကောင်းတဲ့အရာတစ်ခုကို မင်း တကယ်လွှင့်ပစ်မလို့လား'

'ခဏနေပါဦး။ ကျွန်တော် အဲဒါတွေကို လွှတ်ပစ်ရမယ်လို့ ခင်ဗျား ပြောခဲ့တယ်မလား'

'ဟုတ်လို့လားကွ။ အဲဒီလို ပြောခဲ့တယ် ဆိုရင်တောင် ငါ မှားပြော တာပဲ ဖြစ်မယ်။ ဒီဟာတွေ ဒီလောက် စားကောင်းလိမ့်မယ်ဆိုတာ ငါ လုံးဝ မသိခဲ့ဘူး'

'ကျွန်တော် တစ်ခုခုကို မစွန့်လွှတ်ရင် မနက်ဖြန် သေရမှာလေ။ ခင်ဗျားပဲ ပြောခဲ့တာမလား'

'ဟုတ်တယ်'

'ဒါဆို ကျွန်တော် ဒီချောကလက်တွေကို စွန့်လွှတ်မယ်'

'တကယ်ပြောနေတာလား'

အလိုဟာကို ကြည့်ရတာ တော်တော်ဝမ်းနည်းသွားပုံပဲ။ စကား ပြောနေရင်း သူ့ပခုံးက အိကျသွားတယ်။ ကျွန်တော် သူ့အတွက် စိတ်မကောင်း ဖြစ်မိတယ်။ ဒါပေမယ့် ကျွန်တော့်ဆုံးဖြတ်ချက်ကတော့ လုံးဝအတည်ပဲ။

'တကယ်ပြောတာပါ'

'ဒါဆိုလည်း တစ်ခုထပ်ပေးဦး'


mgyoe.com

SAMPLE BOOK

'ဟင်'

'ငါ့ကို တစ်ခုလောက် ထပ်ကျွေးပါဦး။ နောက်ဆုံးအနေနဲ့ တစ်ခုလောက် ထပ်စားချင်လို့ပါ'

အလိုဟာက သနားစရာကောင်းတဲ့ အသံနဲ့ ကျွန်တော့်ကို ပြောတယ်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲတက်လာတယ်။ သူက ချောကလက် နည်းနည်းကို နိုက်ယူပြီး ပါးစပ်ထဲ ထည့်လိုက်တယ်။ ပြီးတော့ ဖြည်းဖြည်းချင်း အရသာခံပြီး စားတယ်။ စားပြီးသွားတော့ သူ စကားပြန်ပြောတယ်။

'ငါ မလုပ်နိုင်ဘူး'

'ဘာကို ဆိုလိုတာလဲ'

'ဒီလောက် အရသာရှိတဲ့ အရာတစ်ခုကို ကမ္ဘာမြေပေါ်က ဖျောက်ဖျက်ပစ်တာ ပြစ်မှုမြောက်တယ်'

'ခင်ဗျား ဘာပြောတယ်'

အဲဒီလိုနဲ့ မာရ်နတ်က လွယ်လွယ်နဲ့ စိတ်ပြောင်းလိုက်တယ်။ ကျွန်တော် သိပ်မကြာခင် သေရတော့မယ်။ ဒါပေမယ့် မာရ်နတ်က ကျွန်တော့်ကို အခွင့်အရေး လာပေးတယ်။ သူ့ကမ်းလှမ်းချက်က ဘယ်လောက်ပဲ ရယ်စရာကောင်းနေပါစေ ဒီကမ္ဘာပေါ်မှာ တစ်ရက်ပိုနေခွင့်ရဖို့ ကျွန်တော် အစွမ်းကုန် ကြိုးစားမယ်လို့ တွေးထားတာ။ တစ်နေ့ ကျွန်တော်သေတဲ့အခါ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်းငြိမ်းချမ်းချမ်း ဂုဏ်သိက္ခာရှိရှိနဲ့ သေမယ်လို့ အမြဲစိတ်ကူးယဉ်ခဲ့တာ။ ဒါပေမယ့် သေခြင်းတရားကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လာရပြီဆိုရင် ခင်ဗျား ရှင်သန်ခွင့်ရဖို့အတွက် ဘယ်သူ့လက်ကိုမဆို ဆွဲထားမိမှာပဲ။ မာရ်နတ်ရဲ့လက်ကို တောင်မှ ခင်ဗျားလွှတ်မှာ မဟုတ်ဘူး။ ဒါ လူတွေရဲ့ ပင်ကိုစရိုက်ပဲဗျ။ အဲဒီလို အခြေအနေမျိုး ရောက်ရင် ဂုဏ်သိက္ခာ ဆိုတာကလည်း ပြတင်းပေါက်ကနေ ခုန်ထွက်သွားတာ။

'အဆင်မပြေဘူး။ အဲဒါက ကျွန်တော့်အသက်ဗျ။ ကျွန်တော် သေရမလား၊ ရှင်ရမလား ဆိုတာကို ခင်ဗျားရဲ့ စိတ်ခံစားချက်အပေါ် မူတည်ပြီး ဆုံးဖြတ်လို့ ရမယ်များ ထင်နေလား'

'သိပ်ထင်တာပေါ့။ ငါက မာရ်နတ်လေ'

ထိချက်က အတော်ပြင်းတယ်၊ သူ့စကားကြောင့် ကျွန်တော် ရုတ်တရက်


mgyoe.com

ဆွဲအသွားတယ်။

'အဲဒီလောက်လည်း စိတ်ဓာတ်မကျပါနဲ့ကွာ။ ငါ တခြားတစ်ခုခုကို စဉ်းစားကြည့်ပါဦးမယ်။ ငါ စက္ကန့်ပိုင်းအတွင်း တွေးမိမှာပါ'

အလိုဟာက ပြောပြောဆိုဆိုနဲ့ တစ်ခန်းလုံးကို ခပ်မြန်မြန် လိုက်ကြည့်တယ်။ ကျွန်တော်ကတော့ သူ့ကို အေးစက်စက် စိုက်ကြည့်နေမိတယ်။ အဲဒီအချိန်မှာ ကျွန်တော့်လက်ကိုင်ဖုန်းက ရုတ်တရက် ထမြည်တယ်။ ကျွန်တော် အလုပ် လုပ်တဲ့စာတိုက်က တစ်စုံတစ်ယောက် ခေါ်နေတာ။ ကျွန်တော် နာရီကို မော့ကြည့်လိုက်တယ်။ ကျွန်တော် အလုပ်ဝင်ရမယ့် အချိန်ထက် တော်တော်လေး ကျော်လွန်နေပြီ။

ကျွန်တော် ဖုန်းကို ကောက်ကိုင်ပြီး နားထောင်လိုက်တယ်။ တစ်ဖက်က အသံက ကျွန်တော့်အထက်အရာရှိရဲ့ အသံ ဆိုတာကို ကျွန်တော် ချက်ချင်းသိလိုက်တယ်။ သူ့အသံထဲမှာ ဒေါသနည်းနည်း ပါနေတယ်။ ကျွန်တော် အလုပ်မလာတဲ့ အကြောင်းအရင်းကို မေးတယ်။ မနေ့တုန်းက ဆရာဝန်နဲ့ ရက်ချိန်းယူထားလို့ ကျွန်တော် အလုပ်ကနေ စောပြန်ခဲ့တာလေ။ တကယ်တမ်းတော့ သူ ကျွန်တော့်ကို ဒေါသဖြစ်တာထက် စိတ်ပူနေတယ် ဆိုတာကို သူ့အသံထဲကနေ သိလိုက်ရတယ်။

'ကျွန်တော် အဆင်ပြေပါတယ်။ အရှင်းပျောက်ဖို့အတွက် အနားယူဖို့ လိုအပ်နေတယ်လို့ ဆရာဝန်ပြောတယ်။ ကျွန်တော် တစ်ပတ်လောက် နားလို့ရမလား' ဆိုပြီး ကျွန်တော် အထက်အရာရှိကို ပြောလိုက်တယ်။ သူကလည်း ခွင့်ပြုခဲ့တယ်။

'အဲဒါပဲ'

ကျွန်တော် ဖုန်းချလိုက်တာနဲ့ အလိုဟာက ပြောတယ်။

'ဘာပြောချင်တာလဲ'

ကျွန်တော် ပြန်မေးလိုက်တယ်။

'အဲဒါပဲ။ ငါ ရှာတွေ့သွားပြီ'

အလိုဟာ လက်ညှိုးထိုးထားတာက ကျွန်တော့်လက်ကိုင်ဖုန်း ဖြစ်နေတာကို ကျွန်တော် သတိထားမိသွားတယ်။

'ကြည့်ရတာ အဲဒီအရာက မင်းအတွက် သိပ်မလိုအပ်တဲ့ပုံပဲ'


mgyoe.com

m gyoe.com  SAMPLE BOOK 

'ကျွန်တော့်ဖုန်းကို ပြောတာလား'

'ဟုတ်တယ်။ အဲဒါကို လွှတ်ပစ်လိုက်ကြရအောင်'

အလိုဟာက ရယ်လိုက်တယ်။

'ဘယ်လိုလဲ။ အဲဒီဖုန်းနဲ့ အသက်တစ်ရက် လဲမလား'

ကမ္ဘာမြေပေါ်ကနေ ဖုန်းတွေ ပျောက်ကွယ်သွားရင် ... ကျွန်တော် ဘာတွေ ရလိုက်မလဲ။ ဘာတွေ ဆုံးရှုံးသွားမလဲ။ ကျွန်တော် တွေးနေတုန်းမှာပဲ အလိုဟာက ကျွန်တော့်အနားကို တိုးကပ်လာတယ်။

'မင်းဘာလုပ်မလဲ'

သူက ထပ်မေးတယ်။ အသက်တစ်ရက်လား...၊ ဖုန်းလား... ကျွန်တော်လည်း သေချာစဉ်းစားလိုက်တယ်။

'ဖုန်းလား။ အသက်တစ်ရက်လား'

သူက ထပ်မေးတယ်။

'တစ်မိနစ်လောက် စဉ်းစားခွင့်ပေးပါ'

ကျွန်တော်က ပြန်ပြောတယ်။

'မင်းမှာ စက္ကန့်နှစ်ဆယ် ကျန်သေးတယ်။ အခုဆယ်စက္ကန့် ... ကိုး ... ရှစ် ... ခုနှစ် ...'

'ကောင်းပြီ။ ခင်ဗျား ဖျောက်ပစ်လိုက်တော့။ ပျောက်ကွယ်သွားအောင် လုပ်လိုက်ပါတော့'

ကျွန်တော်က ဘာလုပ်လို့ ဘာကိုင်ရမှန်း ဝေခွဲမရအောင် တုန်လှုပ်ခြောက်ခြားနေတဲ့ အခြေအနေမှာ မဟုတ်ပေမဲ့ ကျွန်တော့်ဆုံးဖြတ်ချက် မှန်ကန်တယ်ဆိုပြီး ယတိပြတ် မပြောနိုင်ဘူး။ ဖုန်းနဲ့ အသက်နဲ့ ... ကျွန်တော် အသက်ကိုပဲ ရွေးတယ်ဗျာ။

'ကောင်းပြီလေ။ လုပ်လိုက်ကြစို့'

မာရ်နတ်ရဲ့ အသံက ထုံးစံအတိုင်း ရွှင်ရွှင်ပျပျပဲ။

အဲဒီအချိန်မှာ အဖေ့ဆီ ကျွန်တော် ဖုန်းမဆက်တာ ကြာနေပြီ ဖြစ်တဲ့ အကြောင်း ကျွန်တော် ရုတ်တရက် သတိရသွားတယ်။ အမှန်တိုင်း ပြောရမယ်ဆိုရင် လေးနှစ်ရှိသွားပြီဗျ။ ကျွန်တော့်အမေ ဆုံးပြီးကတည်းကပဲ။ လူချင်းလည်း မတွေ့ဖြစ်ဘူး။ သူက ကျွန်တော် အခုနေနေတဲ့ နေရာနဲ့ သိပ်မဝေးတဲ့



mgyoe.com

နေရာမှာ နာရီပြင်ဆိုင်လေး ဖွင့်ထားတုန်းပဲလို့ ပြောသံကြားတယ်။ ကျွန်တော် သူ့ဆီသွားလည်ဖို့ တစ်ခါမှ မစဉ်းစားဖြစ်ဘူး။ သိပ်မကြာခင် သေရတော့မယ့် လူတစ်ယောက်က ဘာပဲဖြစ်ဖြစ် သူ့အဖေဆီကို ဖုန်းလေးတစ်ကြိမ်လောက် ဆက်သင့်တယ် မဟုတ်လား။

အလိုဟာက ကျွန်တော် မတင်မကျ ဖြစ်နေတာကို ခံစားမိလို့လား မသိဘူး။ ပြုံးဖြဲဖြဲနဲ့ အနားကပ်လာတယ်။

'ငါ နားလည်ပါတယ်။ လူတိုင်း ဒီလိုပဲကွ။ ကိုယ့်ဘဝထဲက အရာတစ်ခုကို အပြီးအပိုင် စွန့်လွှတ်ရတော့မယ်ဆိုရင် တွေဝေလာကြတယ်။ အဲဒါကြောင့် လည်း ငါက ကမ်းလှမ်းမှုတိုင်းမှာ အထူးအခွင့်အရေးတစ်ရပ် အမြဲ ထည့်ပေး ထားတာ'

'အထူးအခွင့်အရေး'

'ဒါပေါ့။ အဲဒီ အထူးအခွင့်အရေးက မင်း စွန့်လွှတ်ရမယ့် အရာကို နောက်ဆုံးတစ်ကြိမ် သုံးပိုင်ခွင့်ရှိတယ် ဆိုတာပဲ'

'ဩော်'

သူ့ရဲ့အထူး အခွင့်အရေး ဆိုတာကြီးက ကျွန်တော့်ကို ပိုပြီးတော့ စိတ်ရှုပ်သွားစေတယ်။ ကျွန်တော့်အတွေးထဲကို ပထမဆုံး ရောက်လာသူက ကျွန်တော့်အဖေပဲ။ ဒါပေမယ့် သူ့မျက်နှာကို စိတ်ကူးထဲ ပုံဖော်ကြည့်လိုက် တော့ လွန်ခဲ့တဲ့လေးနှစ်က ဖြစ်ပျက်ခဲ့တာတွေကို ကျွန်တော် မမှတ်မိတော့ဘူး။ နှစ်ပေါင်းလေးဆယ်လောက် ကြာသွားသလိုပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့ဆီ တော့ မဆက်ချင်ဘူး။

အဲဒီတော့ ဘယ်သူဖြစ်မလဲ။ ကျွန်တော့် နောက်ဆုံး ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိမယ့်သူက ဘယ်သူများလဲ။

ကျွန်တော့်သူငယ်ချင်း 'ကေ' လား။ သူက ပေါင်းလို့သင်းလို့ ကောင်းတဲ့ လူတစ်ယောက်ပဲဗျ။ ကျွန်တော် နောက်ထပ် နှစ်အနည်းငယ် နေရ ဦးမယ်ဆိုရင် သူနဲ့ အရင်လို ဟိုဟိုသည်သည် လျှောက်သွားနေမိဦးမှာပဲ။ ဒါပေ မယ့် ကျွန်တော်တို့ကြားမှာ လေးနက်တဲ့ စကားပြောဆိုမှုမျိုး ဘယ်တုန်းကမှ မရှိခဲ့ဘူး။ ကျွန်တော် သူ့ကို ရုတ်တရက်ကြီး ဖုန်းခေါ်ပြီး ငါသေရတော့မယ်၊ ငါ့ဖုန်းကလည်း ကမ္ဘာပေါ်ကနေ ပျောက်ကွယ်တော့မယ်လို့ သွားပြောရင် သူ



mgyoe.com

ဘယ်လိုတုံ့ပြန်မလဲဗျာ။ ကျွန်တော်ရှူးသွားပြီလို့ သူ ထင်လိမ့်မယ်။ ဟာသ တစ်ခုအဖြစ် ယူဆလိမ့်မယ်။ ကျွန်တော့်ရဲ့ ဖုန်းခေါ်ဆိုမှုကလည်း အလဟဿ ဖြစ်သွားမှာ။ နောက်ဆုံးအကြိမ် ဖုန်းခေါ်ဆိုခွင့်ကို ဖြုန်းတီးပစ်လို့ မဖြစ်ဘူးလေ။

ဒါဆို အလုပ်က အရင်းနှီးဆုံး သူငယ်ချင်း 'ဂျေ' လား။ သူကတော့ ပေါ့ပေါ့နေ ပေါ့ပေါ့စားသမား။ ဒါပေမယ့် ကျွန်တော့်ကို အများကြီး ကူညီတယ်။ ကျွန်တော့်ထက် အသက်ပိုကြီးတယ်။ အလုပ်ကိစ္စပဲ ဖြစ်ဖြစ်၊ ကိုယ်ရေး ကိုယ်တာ ကိစ္စပဲဖြစ်ဖြစ် တခြားလူတွေကို အကြံကောင်းတွေ အမြဲပေးတတ် တယ်။ သူက အလုပ်မှာတော့ ကျွန်တော့်အတွက် အစ်ကိုလို လူမျိုးပဲ။ အခုက အလုပ်ချိန်ကြီးဆိုတော့ ကျွန်တော် သူ့ကို ဖုန်းခေါ်ပြီးတော့ အနှောင့်အယှက် မပေးချင်ဘူးဗျာ။

ပြောရမယ်ဆိုရင် ကျွန်တော် ဂျေကို အနှောင့်အယှက်ပေးဖို့ ဝန်လေး နေတာတော့ မဟုတ်ဘူး။ ကျွန်တော့်ရဲ့ နောက်ဆုံးဖုန်းခေါ်ဆိုမှုကို သူ မဟုတ်တဲ့ တခြားတစ်ယောက်ယောက်အတွက် အသုံးပြုချင်နေတာပါ။ ကျွန်တော် ဂျေနဲ့ အရေးကြီးကိစ္စတွေ တစ်ခါမှ မပြောဆိုဖူးဘူး။ အလုပ်က သူငယ်ချင်းတွေနဲ့ သွားသောက်တဲ့အခါကျရင် ဘီယာတစ်ဘူးလောက်နဲ့ မူးတတ်တဲ့ ကျွန်တော် က သူတို့ကို ယုံကြည်ကိုးစားပြီး ရင်ဖွင့်လို့ရတဲ့ သူငယ်ချင်းတွေလို့ မြင်မိတယ်။ တကယ်တော့ မဟုတ်ဘူး။ ကျွန်တော်တို့တွေ မူးမူးရူးရူးနဲ့ အရေးပါတဲ့ အကြောင်း အရာတွေကို ပြောခဲ့ကြလောက်ပေမယ့် သာမန်အချိန်တွေမှာတော့ လုပ်ဖော် ကိုင်ဖက်တွေထက် မပိုကြဘူးလေ။

အဲဒီလိုနဲ့ ကျွန်တော် ခါးသီးတဲ့ အဆုံးသတ်နားကို ချဉ်းကပ်လာ မိတယ်။ ကျွန်တော် ဖုန်းထဲက contact list (ဖုန်းနံပါတ်စာရင်း)ကို နှိပ် လိုက်တယ်။ အမည်တွေကို တစ်ခုချင်းစီ ခပ်သွက်သွက် ကြည့်လိုက်တယ်။ သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ အသိမိတ်ဆွေတွေရဲ့ နာမည်တွေက တစ်ခုပေါ်လာလိုက် ပျောက်သွားလိုက်၊ နောက်တစ်ခု ပေါ်လာလိုက် ပျောက် သွားလိုက်နဲ့ အဆက်မပြတ်ပဲ။ နာမည်တစ်ခုချင်းစီမှာ ကွယ်ဝှက်ထားတဲ့ လျှို့ဝှက် အဓိပ္ပါယ်တွေ ရှိနေတယ်လို့ ထင်ရတယ်။ ကျွန်တော် မရေမတွက်နိုင်တဲ့ လူတွေနဲ့ ပတ်သက်ဆက်နွယ်မှုတွေ ရှိခဲ့ပုံပဲ။ အရေးပါတဲ့ လူတွေလား ဆိုတော့ မဟုတ်ပြန်ဘူး။ ကျွန်တော့် contact list ထဲမှာ အဲဒီလို လူတွေနဲ့ ပြည့်


mgyoe.com

mgyoe.com

နေတာဗျ။

လူကဖြင့် သေတော့မယ်။ ကျွန်တော့်မှာ ဖုန်းခေါ်ရလောက်အောင် အရေးကြီးတဲ့လူ တစ်ယောက်တလေမှ မရှိဘူး ဖြစ်နေတယ်။ ကျွန်တော် လူပေါင်းများစွာနဲ့ ယှဉ်တွဲနေထိုင်ခဲ့တယ်။ ပတ်သက်ဆက်နွယ်မှုများစွာ ပြုလုပ်ခဲ့တယ်။ ဒါပေမယ့် အဲဒါတွေက ခိုင်မြဲမှု မရှိခဲ့ဘူး။ ကျွန်တော့်ဘဝရဲ့ နေဝင်ချိန်ရောက်မှာ သိလိုက်ရတာက အလွန်အလွန် စိတ်မချမ်းမြေ့စရာ ကောင်းတယ်။

ကျွန်တော် ဘယ်လို ခံစားနေရလဲဆိုတာ အလိုဟာကို မပြောပြလိုဘူး။ အဲဒါနဲ့ ကျွန်တော် အခန်းထဲကထွက်ပြီး လှေကားမှာ ထိုင်ချလိုက်တယ်။ ဖုန်းကို လက်ထဲမှာ တင်းတင်းဆုပ်ထားတယ်။ အဲဒီအချိန်မှာ ဖုန်းနံပါတ်တစ်ခုက ကျွန်တော့်ဦးနှောက်ထဲကို စီးမျောဝင်ရောက်လာတယ်။ အဲဒါ သူ(မ)ရဲ့ နံပါတ်ပဲ။ ကျွန်တော်ဖြင့် မေ့နေတာကြာပြီ။ ဒါပေမဲ့ ကျွန်တော့် ကိုယ်ပေါ်မှာ ရေးခြစ်ထားသလိုမျိုး ခေါင်းထဲပေါ်လာတာ။ သူ့နံပါတ်က ကျွန်တော့် contact list ထဲမှာတောင် ရှိတာမဟုတ်ဘူး။ ကျွန်တော် သူ့ နံပါတ်ကို တစ်လုံးချင်းစီ နှိပ်ကြည့်လိုက်တယ်။

မိနစ်အနည်းငယ်ကြာတော့ ဖုန်းခေါ်ဆိုမှု ပြီးဆုံးသွားတယ်။ ကျွန်တော်လည်း အိမ်ထဲကို ပြန်ဝင်လိုက်တယ်။ အလိုဟာက ကြောင်နဲ့ ကစားနေဟာယ်။ နှစ်ယောက်သား ကြမ်းပြင်ပေါ်မှာ လုံးထွေးသတ်ပုတ်နေကြတာ။ အလိုဟာကို ကြည့်ရတာ ကျွန်တော့်ကို လုံးဝမေ့သွားတဲ့ပုံပဲ။ ကျွန်တော် သူ့ကို မိနစ်အနည်းငယ်လောက် တိတ်တိတ်လေး ရပ်ကြည့်နေလိုက်တယ်။

'အိုး ... မင်း ပြန်လာပြီပဲ'

နောက်ဆုံးတော့ အလိုဟာက ကျွန်တော် စိုက်ကြည့်နေတာကို သတိထားမိသွားတယ်။ သူက ကြမ်းပေါ်ကနေ ရှက်ကိုးရှက်ကန်း ထရပ်လိုက်ပြီး ကျွန်တော့်မျက်နှာကို စိုက်ကြည့်လိုက်တယ်။

'ပြီးသွားပြီလား'

သူက မေးတယ်။

'ပြီးသွားပြီ'

ကျွန်တော် စိတ်ကို တည်ငြိမ်အောင် အရင်လုပ်ပြီးမှ ပြန်ဖြေ လိုက်တယ်။

'ဟုတ်ပြီလေ။ ဒါဆို ငါတို့ ဒီဖုန်းကို ဖျောက်ပစ်လိုက်ကြရအောင်'


mgyoe.com

m gyoe.com

အလိုဟာရဲ့ မျက်နှာပေါ်မှာ ဝမ်းမြောက်ပျော်ရွှင်ခြင်းနဲ့ စိတ်ကျေနပ်ခြင်းတို့ ပေါ်လွင်နေတယ်။ သူက ကျွန်တော့်ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်တယ်။ ကျွန်တော့်လက်ထဲမှာ လွှန်ခဲ့တဲ့ တစ်မိနစ်လောက်က ရှိနေခဲ့တဲ့ ဖုန်းက ရုတ်တရက် ပျောက်သွားတယ်။ ဘယ်နေရာမှာမှ ရှာမတွေ့တော့ဘူး။

'ဒီနေ့တော့ ဒီလောက်ပဲ။ မနက်ဖြန်မှ ပြန်တွေ့ကြမယ်'

အလိုဟာက ပြောတယ်။ ကျွန်တော် မော့ကြည့်လိုက်တဲ့အခါ သူ မရှိတော့ဘူး။

'မြောင်'

ကြောင်ရဲ့ အော်သံက တိုက်ခန်းထဲမှာ ပဲ့တင်ထပ်သွားတယ်။

ကျွန်တော် သူ့ကို သွားတွေ့ရမယ်။ အခုပဲ ဖုန်းပြောပြီးပြီလေ။ ဒါပေမဲ့ ကျွန်တော် တွေးနေတုန်းမှာပဲ မျက်လုံးတွေ စင်းလာပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။

ကျွန်တော့်ရဲ့ ခုနစ်ရက်တာ ခရီးရှည်ကြီးက ဒီလိုနဲ့ စတင်ခဲ့တာ ...။

❑


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



# ကမ္ဘာမြေပေါ်ကနေ ဖုန်းတွေ ပျောက်သွားတဲ့အခါ

ကျွန်တော့်အခန်းဖော်က ကြောင်တစ်ကောင်ပါ။ သူ့နာမည်က 'ကတ်ဘော့ဂျ်' တဲ့။

ကျွန်တော့်အသက် ငါးနှစ်အရွယ်တုန်းက ကျွန်တော့်အမေက လမ်းပေါ်မှာ စွန့်ပစ်ခံထားရတဲ့ ကြောင်လေးတစ်ကောင်ကို အိမ်ခေါ်လာခဲ့တယ်။ အဲဒီနေ့က မိုးတွေရွာနေတယ်။ အမေက စူပါမားကတ်ကအပြန် မိုးရေတွေ စိုရွှဲနေတဲ့ ကတ်ထူပုံး တစ်ပုံးထဲမှာ ခိုက်ခိုက်တုန်နေတဲ့ သနားစရာ ကြောင်လေးကို တွေ့ခဲ့တာ။ ကတ်ထူပုံးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ Nagano Lettuce (နာဂါနိုလက်တော့စ်) ဆိုပြီး ရေးထားတယ်။ အိမ်ပြန်ရောက်တာနဲ့ အမေက ကြောင်လေးကို မျက်နှာသုတ်ပဝါတစ်ထည်နဲ့ သုတ်ပေးလိုက်ပြီး သူ့ကို 'လက်တော့စ်' လို့ နာမည်ပေးလိုက်တယ်။

ထူးဆန်းတယ်လို့ ပြောရမယ်။ ကျွန်တော့်အမေက တိရစ္ဆာန်တွေကို ဘယ်တုန်းကမှ မနှစ်သက်ခဲ့ဘူး။ လက်တော့စ်ကို ပွတ်သီးပွတ်သပ်လုပ်ဖို့ သူ အချိန် နည်းနည်းယူလိုက်ရတယ်။ သူ ကျင့်သားရသွားတဲ့အထိ ကျွန်တော်က ကြောင်လေးကို ကူကြည့်ပေးခဲ့ရတာ။

အမေက ကြောင်တွေနဲ့ ဓာတ်မတည့်ဘူး ဆိုတာ သိလိုက်ရတယ်။ တစ်ချိန်လုံး နှာချေနေတာ။ နှာချေလိုက်၊ နှပ်ရည်ထွက်လိုက်၊ မျက်ရည်ထွက်လိုက် ဖြစ်နေပေမယ့် သူက လက်တော့စ်ကို မစွန့်ပစ်ခဲ့ဘူး။

'ငါ မစွန့်ပစ်နိုင်ဘူး။ သူက ငါ့ကို ရွေးချယ်ခဲ့တာ' လို့ အမေပြောတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ပြီးတော့ နီမြန်းနေတဲ့ မျက်နှာကို လက်ကိုင်ပုဝါနဲ့ သုတ်ပစ်ပြီး ကြောင်လေးကို ဆက်မွေးခဲ့တယ်။

တစ်လလောက်နေတော့ ကြောင်နဲ့ဓာတ်မတည့်တာက ထူးထူးဆန်းဆန်း ပျောက်သွားတယ်။ အံ့ဖွယ်ဖြစ်ရပ်လို့ ပြောရမလား။ ကျင့်သွားရသွားတာလို့ ပြောရမလား။ နှာချေတာတွေ၊ မျက်ရည်ကျတာတွေ၊ နှပ်ရည်ထွက်တာတွေ စတဲ့ ရောဂါလက္ခဏာတွေကနေ လွတ်မြောက်သွားတယ်။

ကျွန်တော် အဲဒီနေ့ကို ကောင်းကောင်းမှတ်မိတယ်။ လက်တော့စ်က အမေ့နားကနေ တစ်မိနစ်လောက်တောင် မခွာဘဲ ပွတ်သီးပွတ်သပ်နေခဲ့တာ။

တစ်စုံတစ်ခုကို ရယူချင်ရင် တစ်စုံတစ်ခုကို စွန့်လွှတ်ရမယ်လို့ အမေပြောတယ်။ လူတွေက တစ်စုံတစ်ခုကို ရယူဖို့အတွက် အမြဲကြိုးစားနေကြတယ်။ တကယ်လို့ ခင်ဗျားတစ်စုံတစ်ခုကို ရလိုက်ပြီ ဆိုတာ တစ်နေရာရာက တစ်ယောက်ယောက်က တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်ရလို့ပဲ။ ခင်ဗျားရဲ့ ပျော်ရွှင်မှုကတောင် တစ်စုံတစ်ယောက်ရဲ့ ကံဆိုးမှုအပေါ်မှာ တည်ဆောက်ထားတာမျိုးဗျ။ ဒါက စကြဝဠာရဲ့ နိယာမတွေထဲက တစ်ခုဖြစ်တယ်လို့ ကျွန်တော့်အမေ မကြာခဏ ပြောတယ်။

လက်တော့စ်က ကျွန်တော်တို့နဲ့ ဆယ့်တစ်နှစ်လောက် အတူနေသွားခဲ့တာ။ သူ အကြိတ်တစ်ခုဖြစ်ပြီး တော်တော်ပိန်သွားတယ်။ တဖြည်းဖြည်း အအိပ်များလာပြီး နောက်ဆုံးမှာတော့ ငြိမ်းငြိမ်းချမ်းချမ်း သေဆုံးသွားတယ်။

လက်တော့စ် သေပြီးတဲ့နောက်မှာ ကျွန်တော့်အမေ အရင်လို တက်တက်ကြွကြွ မရှိတော့ဘူး။ အိမ်သန့်ရှင်းရေးတို့၊ အချက်အပြုတ်တို့မှာ အရင်လို စိတ်မပါတော့ဘူး။ အပြင်လည်း သိပ်မသွားဘူး။ အိမ်ထဲမှာပဲ မှိုင်တွေပြီး ငိုနေတတ်တယ်။ အဲဒီတော့ အဝတ်လျှော်၊ ထမင်းချက်ကို ကျွန်တော်ပဲ လုပ်တယ်။ များသောအားဖြင့် အမေ့ကို အတင်းခေါ်ပြီး အိမ်နားက ထမင်းဆိုင်မှာ ညစာစားတယ်။ အဲဒီဆိုင်က ဟင်းလျာတွေ အားလုံးကို ကျွန်တော်တို့ နှစ်ယောက် စားကြည့်ဖူးတယ်။

အဲဒီလိုနဲ့ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးရင်း တစ်လကြာပြီးနောက် မှာ အမေက ကြောင်သေးသေးလေး တစ်ကောင်ကို လက်ထဲမှာပိုက်ပြီး အိမ်ပြန်ရောက်လာတယ်။ ကြောင်လေးက လက်တော့စ်နဲ့ တူသားဗျ။ မီးခိုးရောင်


mgyoe.com

mgyoe.com

အကွက်လေးတွေနဲ့ အဖြူအမည်းစပ်လေး၊ ဘောလုံးလို လုံးလုံးလေး။ သူက လက်တော့စ်နဲ့ အတော်တူလို့ ကျွန်တော်တို့က သူ့ကို 'ကတ်ဘော့ဂ်ျ' လို့ နာမည်ပေးလိုက်တယ်။

သူက အမေ့ကို ပျော်ရွှင်ခြင်းတွေ၊ ရယ်မောခြင်းတွေ ပြန်ယူဆောင်လာပေးတယ်။ 'သူက လက်တော့စ်နဲ့ တကယ်တူတာ' ဆိုပြီးတော့ အမေအပြုံးတစ်ပွင့်နဲ့ ပြောခဲ့တယ်။ အမေ့အပြုံးကို တစ်လလောက် အတွင်းမှာ ပထမဆုံး ပြန်တွေ့ရတာပဲ။ အချိန်အကြာကြီးနေမှ ပြန်တွေ့ရတဲ့ အမေ့အရယ်အပြုံးတွေက ကျွန်တော့်ကို ဝမ်းသာမျက်ရည် ကျစေခဲ့တယ်။ လက်တော့စ်ကို အမေ ဆုံးရှုံးခဲ့ရသလို အမေ့ကို ကျွန်တော် ဆုံးရှုံးရမှာ ကြောက်လာမိတယ်။ အမေ ပြန်လမ်းမဲ့ခရီး ထွက်ခွာသွားမှာကို စိုးရိမ်နေမိတယ်။

လွန်ခဲ့တဲ့ လေးနှစ်ကတော့ အမေ ကျွန်တော်တို့ကို တကယ်ထားသွားပြီ။

'တိုက်ဆိုင်လိုက်တာများနော်။ အမေ့မှာလည်း လက်တော့စ်လိုရောဂါ ရှိနေတယ်' လို့ အမေ မသေခင်က နွမ်းလျတဲ့ အပြုံးတစ်ပွင့်နဲ့ ပြောခဲ့တယ်။ လက်တော့စ်လိုပဲ သူလည်း တဖြည်းဖြည်း ပိန်လာပြီး တစ်နေ့မှာတော့ မနိုးသောအိပ်ခြင်းနဲ့ ငြိမ်းငြိမ်းချမ်းချမ်း အိပ်စက်သွားခဲ့တယ်။

'ကတ်ဘော့ဂ်ျကို သေချာဂရုစိုက်နော်' ဆိုပြီးတော့ မသေခင် မှာခဲ့သေးတယ်။

ကံကြမ္မာက ဟာသပြဇာတ် တစ်ပုဒ်လိုပဲ။ ကျွန်တော် ကတ်ဘော့ဂ်ျ ထက်အရင် အမေ့လို သေရတော့မယ်။ အမေကတော့ ကျွန်တော့်ကို တော်တော်စိတ်ပျက်နေမှာ သေချာတယ်။ ဒီလိုမှန်းသိရင် သူ ကတ်ဘော့ဂ်ျကို တခြားတစ်ယောက်လက်ထဲ အပ်ခဲ့ပါတယ်လို့ ပြောမှာပဲ။

ကျွန်တော် နိုးလာတော့ မိုးလင်းနေပြီ။ ဒီတလောအတွင်း ပထမဆုံး အကြိမ်အဖြစ် အမေ့ကို အိပ်မက် မက်ခဲ့တယ်။ ကတ်ဘော့ဂ်ျက အနားမှာ လာအော်နေတာနဲ့ ကျွန်တော်လည်း သူ့ကို ဆွဲယူပြီးတော့ ဖျစ်ညှစ်လိုက်တယ်။ ပိုးသားလို နူးညံ့ချောမွေ့တဲ့ အမွေးနုနုလေးတွေ အောက်က နွေးထွေးတဲ့ အရေပြားက ကျွန်တော့်ကို ခွန်အားဖြစ်စေတယ်။

အဲဒီလိုနဲ့ ကျွန်တော် အလိုဟာပေးတဲ့ အသက်တစ်ရက်နဲ့ ရှင်သန်


mgyoe.com

mgyoe.com SAMPLE BOOK

နေတာကို ပြန်မှတ်မိသွားတယ်။ မနေ့က အဖြစ်အပျက်တွေကို ကျွန်တော် ပြန်စဉ်းစားတယ်။ တကယ်ဖြစ်ပျက်ခဲ့တာလား။ ဒါမှမဟုတ် အိပ်မက်လား။ ကျွန်တော် ခုတင်ဘေးက စားပွဲပေါ်မှာ အမြဲထားလေ့ရှိတဲ့ လက်ကိုင်ဖုန်းကို ဖျတ်ခနဲ လှမ်းကြည့်လိုက်တယ်။ ဖုန်းကို စားပွဲပေါ်မှာ မတွေ့ရသလို ဘယ်နေရာမှ မတွေ့ရတော့ဘူး။ ခေါင်းကိုက်ဝေဒနာကလည်း အဖျားနဲ့အတူ ပျောက်သွားခဲ့တယ်။ ကျွန်တော် မနေ့တုန်းက မာရ်နတ်နဲ့ အပေးအယူ တကယ်လုပ်ခဲ့တာလား။

တယ်လီဖုန်းတွေသာ ကမ္ဘာမြေပေါ်ကနေ ပျောက်ကွယ်သွားရင် ဘယ်လိုဖြစ်မလဲ။ အထူးသဖြင့် လက်ကိုင်ဖုန်းတွေပေါ့ဗျာ။

ကျွန်တော်ကတော့ ဖုန်းကို တစ်ချိန်လုံး အသုံးပြုတယ်။ ပြောရမယ်ဆိုရင် မိုးလင်းကနေ မိုးချုပ်အထိပဲ။ အရင်လို စာအုပ်တွေ အများကြီး မဖတ်ဖြစ်တော့ဘူး။ သတင်းစာဆို လုံးဝမဖတ်ဖြစ်တော့ဘူး။ ငှားထားပြီး မကြည့်ရသေးတဲ့ ဒီဗီဒီအခွေတွေဆို အခန်းထဲမှာ တစ်ထပ်ကြီး ဖြစ်နေပြီ။

အလုပ်သွားတဲ့ အချိန်တိုင်း ရထားပေါ်မှာ ကျွန်တော် ဖုန်းကိုပဲ အမြဲကြည့်နေတာ။ အလုပ်မှာ ထမင်းစားနားချိန် ရောက်ပြီဆိုတာနဲ့ ဖုန်းကို အသည်းအသန် ထုတ်ကြည့်တယ်။ ရုပ်ရှင်ကြည့်နေရင်းလည်း ဖုန်းကို မကြာခဏ ထုတ်ကြည့်တတ်တယ်။ ကတ်ဘော့ဂျ်နဲ့ အတူရှိနေရင်တောင် သူနဲ့ မကစားဘဲ ဖုန်းကိုကြည့်ရင်း အချိန်ဖြုန်းမိတယ်။ ဖုန်းရဲ့ကျေးကျွန် ဖြစ်ရတဲ့အတွက် ကျွန်တော့်ကိုယ် ကျွန်တော် မုန်းတီးမိတယ်။

လက်ကိုင်ဖုန်းတွေ ပေါ်လာတာ နှစ်နှစ်ဆယ်လောက် ရှိပြီ။ ဒါပေမဲ့ ကျွန်တော်တို့ကို အချိန်တိုအတွင်းမှာပဲ လုံးလုံးလျားလျား ဝါးမျိုနိုင်ခဲ့တယ်။ နှစ်နှစ်ဆယ်ဆိုတဲ့ အချိန်ကာလမှာ ကျွန်တော်တို့ မရှိမဖြစ် မလိုအပ်တဲ့ အရာတစ်ခုက ကျွန်တော်တို့ရဲ့ဘဝတွေကို ထိန်းချုပ်ပြီး သူ မရှိရင် မနေနိုင်လောက်ဘူးဆိုတဲ့ အသိတရားကို ကျွန်တော်တို့ခေါင်းထဲ ရိုက်သွင်းပေးထားတယ်။ လက်ကိုင်ဖုန်းတွေကို လူတွေ တီထွင်ခဲ့တုန်းက တကယ်မရှိသင့်တဲ့ သောကတွေကိုပါ တပါတည်း တီထွင်ခဲ့ကြတယ်။

လူသားတွေရဲ့ သမိုင်းကို ပြန်လှန်ကြည့်ရင် အသစ်သော အရာတွေ ပေါ်ပေါက်လာတဲ့အခါ အဟောင်းတွေ အလိုလို ကွယ်ပျောက်သွားခဲ့ကြတာကို


mgyoe.com

m gyoe. com SAMPLE BOOK

တွေ့ရလိမ့်မယ်။ ပြောရမယ်ဆို မာရ်နတ်ရဲ့ တောင်းဆိုမှုကို လိုက်လျောခဲ့တဲ့ ဘုရားသခင်ဆီမှာ အစီအစဉ်တစ်ခုခု ရှိနေပါလိမ့်မယ်။

ဒါနဲ့ ကျွန်တော် နောက်ဆုံးဖုန်းခေါ်ဆိုခဲ့တဲ့ ကောင်မလေးအကြောင်းကို ခင်ဗျား တွေးနေတယ် မဟုတ်လား။ အဲဒါ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာပါ။ ကိစ္စတော့ မရှိပါဘူး။ ကျွန်တော် ပြောပြပါ့မယ်။

သူက ကျွန်တော့်အချစ်ဦး ...၊ ကျွန်တော့်ရည်းစားဦးပါ။ ကျွန်တော့်ကို စိတ်ကူးယဉ်လွန်းတဲ့ အရူးတစ်ယောက်လို့တော့ မခေါ်နဲ့နော်။ လူတစ်ယောက် သေရတော့မယ်ဆိုရင် သူ့အတွေးထဲကို အရင်ဆုံး ရောက်လာတဲ့အရာက သူ့အချစ်ဦးလို့ လူတွေပြောကြတယ်။ အဲဒီစကားက တကယ်မှန်တဲ့ပုံပဲ။

နေကျနေတဲ့ ခုတင်ပေါ်မှာ ပျင်းရိပျင်းတွဲ လဲလျောင်းနေရင်းကနေ ကျွန်တော် ထလိုက်တယ်။ ရေဒီယိုနားထောင်ရင်း မနက်စာပြင်တယ်။ ကော်ဖီနည်းနည်း ဖျော်တယ်။ ကြက်ဥတစ်လုံး ကြော်တယ်။ ပေါင်မုန့်တစ်ချပ် မီးကင်တယ်။ ခရမ်းချဉ်သီးတစ်စိတ် လှီးပြီးတော့ ပန်းကန်ပြားပေါ် တင်လိုက်တယ်။ မနက်စာ စားပြီးတော့ ကော်ဖီနောက်တစ်ခွက် ထပ်သောက်ရင်း စာအုပ် တစ်အုပ်ကို စိန်ပြေနပြေ ဖတ်တယ်။ ဖုန်းမရှိတဲ့ဘဝက ဘယ်လောက် ကောင်းလိုက်သလဲ။ ဖုန်းရှိတုန်းကလောက် အချိန်ကုန် မမြန်ဘူးလို့ ခံစားရတယ်။

ဒီလိုနဲ့ မွန်းတည့်ချိန် တဖြည်းဖြည်း နီးကပ်လာခဲ့တယ်။ ကျွန်တော် စာအုပ်ကိုပိတ်ပြီး ခြေလှမ်းတွေကို ရေချိုးခန်းဆီ ဦးတည်လိုက်တယ်။ ရေပူပူလေးနဲ့ အေးဆေးချိုးတယ်။ မီးပူတိုက်ပြီး သပ်သပ်ရပ်ရပ် ခေါက်ထားတဲ့ (ဝတ်နေကျ အဖြူအမည်း) အဝတ်တစ်စုံကို ကောက်ဝတ်လိုက်တယ်။ ပြီးတော့ ကျွန်တော် သူနဲ့ တွေ့ဖို့ အိမ်အပြင် ထွက်လိုက်တယ်။

တိုက်ခန်းက ထွက်ပြီးတော့ အရင်ဆုံး သွားတဲ့နေရာက ကျွန်တော် ညှပ်နေကျ ဆံသဆိုင်။ မကြာခင် သေရတော့မယ့် လူတစ်ယောက်က အချိန်ကုန်ခံပြီး ဆံပင်သွားညှပ်တာ ရယ်စရာ ကောင်းတယ်လို့ ခင်ဗျားထင်မှာပဲ။ ကျွန်တော် ရည်းစားဟောင်းအရှေ့မှာ ကြည့်ကောင်းနေချင်လို့ပါ။ အဲဒီတော့ ကျေးဇူးပြုပြီး မရယ်ပါနဲ့။

ကျွန်တော် ဟိုတလောက အသစ်လုပ်ထားတဲ့မျက်မှန် ရနေလောက်ပြီ ဆိုတော့ ဆံပင်ညှပ်ပြီးတော့ လမ်းရဲ့ တစ်ဖက်ခြမ်းက မျက်မှန်ဆိုင်ကို ခဏ


mgyoe.com